မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၁၀၇)

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်

၂၀၁၂ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ငြိမ်းချမ်းသာယာဝပြောသော အာဆီယံအသိုက်အဝန်းတစ်ရပ် ထူထောင်ရေး ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်မှ (၄၅)နှစ်မြောက် အာဆီယံနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

အာဆီယံအဖွဲ့ကြီး ထူထောင်သည့် (၄၅)နှစ်မြောက် အခါသမယနေ့တွင် မြန်မာနိုင်ငံပြည်သူပြည်သားများအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူပြည်သားများနှင့်အတူ တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာနှင့် တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း တည်ဆောက်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သဆုမွန်ကောင်းတောင်း အပ်ပါသည်။

အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်တွင် ဗန်ကောက်ကြေညာစာတမ်းဖြင့် ထူထောင်ခဲ့စဉ်က ကျွန်ုပ်တို့နေထိုင်ရာ အရှေ့တောင်အာရှဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများမှာ ယနေ့လက်ရှိအခြေအနေနှင့် များစွာ ကွာခြားခဲ့ပါသည်။ ယနေ့ကျွန်ုပ်တို့ဒေသသည် နိုင်ငံတကာက အလေးဂရုထားပြီး အဘက်ဘက်မှ တိုးတက်ပြောင်းလဲလာလျက်ရှိနေခြင်းမှာ အာဆီယံအဖွဲ့ကြီး၏ ကြိုးပမ်းဆောင်ရွက်အောင်မြင်မှုကို သက်သေထူလျက်ရှိပါသည်။ ကျွန်ုပ်တို့ တစ်နိုင်ငံချင်း ကြိုးပမ်းမှုကိုအခြေခံပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့ စည်းလုံးညီညွတ်မှုရှိစွာ ကြိုးပမ်းဆောင်ရွက်ခြင်းက ပိုမိုထိရောက်အောင်မြင်မှုရရှိနေသည်ကို လက်ရှိဖြစ်ပေါ်တိုးတက်မှုများက သက်သေပြလျက်ရှိပါသည်။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်သောနှုန်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးအရ အမှီသဟဲပြုနေရခြင်း၊ သတင်းအချက်အလက်နည်းပညာများ အံ့မခန်းဆန်းသစ်လာခြင်းစသည့် ကမ္ဘာလုံးစပ်ဆက်မှုဖြစ်စဉ်၏ အကျိုးဆက်များကို ရင်ဆိုင်ရလျက်ရှိရာ နိုင်ငံများသည် ကြုံတွေ့ရသော စိန်ခေါ်မှုများကို တစ်နိုင်ငံချင်းဖြေရှင်းမရနိုင်ဘဲ စုစည်း၍သာ ရင်ဆိုင်နိုင်ပါမည်။ ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဒေသတွင်းငြိမ်းချမ်းမှုတည်ဆောက်နိုင်ရေး၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိလာရေး၊ နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျော့နည်းလာရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းရန်အတွက် အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်(၃)ရပ်ဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့်အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြမြေပုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်မှာ အောင်မြင်မှုများရရှိနေသဖြင့် အားတက်မိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ပဲခူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ပဲခူးတံတား။

မိုးများသော်လည်း ရေကြီးရေလျှံခြင်းမှ ကင်းလွတ်ခဲ့သည့် ပဲခူး

ယခုရက်ပိုင်းအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးအပါအဝင် နေရာဒေသအနှံ့ အပြားတွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့များ၊ ရပ်ကွက်/ကျေးရွာများ၊ ရေနစ်မြုပ်နေကြောင်း စိတ်မကောင်းစရာသတင်းကို သတင်းစာ၊ ဂျာနယ်များတွင် တွေ့မြင်ဖတ်ရှုနေရပါသည်။ ဒုတိယသမ္မတ ကိုယ်တိုင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ သွားရောက်ပြီး ယာယီကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ဒုက္ခသည်များအား အားပေးစကားပြောကြားပြီး ငွေကြေးအပါအဝင် ဆန်၊ ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းကိုလည်း သိရှိရပါသည်။ နှစ်စဉ်ဇူလိုင်လနှင့် ဩဂုတ်လများရောက်တိုင်း စာရေးသူတို့ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတွင် ရေမကြီးသည့်နှစ်ဟူ၍ တစ်ရံတစ်ခါမျှ မရှိခဲ့ဖူးပါ။ ပဲခူးသူ ပဲခူးသားများအဖို့ နှစ်စဉ်ရေကြီးသည်မှာ အဆန်းတကြယ် မဟုတ်တော့ပါ၊ ပဲခူးရေကြီးသည်မှာ သတင်းမဟုတ်ပါ၊ ပဲခူးရေမကြီးလျှင်သတင်း ဖြစ်ပါသည်ဟု ပင် ပဲခူးနယ်သူ နယ်သားများက ပြောနေ ကြပါသည်။ မှန်ပါသည်၊ ယခုနှစ်ရေမကြီးပါ။ ထို့ကြောင့် ထူးခြားသော သတင်းအဖြစ် တင်ပြလိုက်ရပါသည်။

သတင်းနှင့်ဓာတ်ပုံ ➤ သန့်စင်

ယမန်နှစ်က ဇူလိုင်၊ ဩဂုတ်လများတွင် ပဲခူးမြစ်ရေလျှံ၍ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော ဇိုင်းဂနိုင်းတောင်ပိုင်း၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ကျွန်းသာယာ၊ မဇင်းရပ်ကွက်၊ ကလျာဏီရပ်ကွက်၊ မဲခုံ၊ အုတ်ကျင်း အပါအဝင် ဥဿာမြို့သစ်၏ အနိမ့်ပိုင်းရပ်ကွက်များအားလုံး ရေကြီးနစ်မြုပ်ပါသည်။ နီးစပ်ရာစာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဇရပ်များတွင် *စာမျက်နှာ ၆ ကော်လံ ၁* ◆

ကရင်ပြည်နယ်၌ မြစ်ရေကျဆင်း မြို့များ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပြုပြင်ရေးများဆောင်ရွက်နေ

ဘားအံ ဩဂုတ် ၇

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းတွင် သံလွင်မြစ်ရေသည် ယနေ့ နံနက် ၉ နာရီကရရှိသည့် သတင်းများအရ စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာ၊ ကော့ကရိတ်မြို့နယ်တွင် ဂျိုင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ၄၆ စင်တီမီတာနှင့် ကျုံဒိုးမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ၉၄၆ စင်တီမီတာတွင် ဆက်လက်ရှိနေကြောင်း၊ ကျန်မြို့နယ်များတွင် မြစ်ရေများသည် စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ဇူလိုင် ၂၇ ရက်မှစ၍ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့်ပြည်နယ်အတွင်း သံတောင်နှင့်ဖာပွန်မြို့နယ်များမှလွဲ၍ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်တို့တွင် ရေလွှမ်းမိုးမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ ဩဂုတ် ၁ ရက် စာရင်းအရ ပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်း ၈၁ ခု ဖွင့်လှစ်ထားရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု ၉၆၉၆၂စု၊ လူဦးရေ ၃၃၇၇၅ ဦးရှိကြောင်း၊ ဩဂုတ် ၆ ရက်တွင် ကယ်ဆယ်ရေးစခန်း ၃၇ ခု၊ အိမ်ထောင်စု ၂၀၂၄ စုနှင့် လူဦးရေ ၉၈၆၇ ဦးသာကျန်ရှိတော့ကြောင်း သိရသည်။ မြစ်ရေလျော့နည်းကျဆင်းသွားသည့်မြို့နယ်၊ မြို့နယ်ခွဲ၊ ရပ်ကွက်နှင့်ကျေးရွာများတွင် အထူးဆောက်လုပ်ရေးအဖွဲ့နှင့် *စာမျက်နှာ ၇ ကော်လံ ၁* ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိဘစကား

လောက၌ မိဘစကားကို နားထောင်သောသူများ ကြီးပွားတိုးတက်ကြသကဲ့သို့ မိဘစကား နားမထောင်မိကြ၍ နောင်တတစ်ဖန် ပူပန်ခြင်းများစွာဖြင့် ဒုက္ခပင်လယ်ဝေရသူများလည်း ရှိ၏။ မည်သည့် မိဘမဆို မိမိတို့သားသမီးများအပေါ် ဆိုးစေလိုသော ဆန္ဒမရှိ၊ ကောင်းစေလိုသော ဆန္ဒသာ ရှိ၏။ ကောင်းစေလိုသော သဘောဖြင့်သာ ပြောဆိုဆုံးမတတ်ကြ၏။

သို့သော် အချို့သော သားသမီးတို့က "အဖေက ဘာသိလို့လဲ၊ အမေက မသိဘဲနဲ့ ပြောနေပြန်ပြီ၊ အဖေ နားမလည်ပါဘူး၊ အမေ မသိပါဘူး" ဟု ဆိုကာ ကိုယ်ထင်ရာကိုယ်စိုင်းတတ်ကြသဖြင့် ဒုက္ခနှင့်ရင်ဆိုင်ရသူ ဒုနှင့်ဒေး ရှိ၏။

မိဘစကားနားမထောင်မိ၍ ခိုးသား ဓားပြတို့၏ ရိုက်ပုတ်ခံရပြီး ပစ္စည်းများ လုယူခံရသူ တစ်ယောက်အကြောင်းကို ထုတ်နုတ်တင်ပြလိုပါသည်။

ရှေးသရောအခါ ဗြဟ္မဒတ်မင်းကြီးလက်ထက်တွင် အလျူမင်္ဂလာပွဲ၊ နတ်ပွဲများ၌ စည်တီး၍ အသက်မွေးဝမ်းကျောင်းပြုသော သားအဖရှိလေသည်။ တစ်နေ့သောအခါ သူတို့သားအဖသည် နတ်ပွဲတစ်ခုသို့ သွားရောက် ဖျော်ဖြေရာမှအပြန် ခိုးသားဓားပြတို့ နေထိုင်ရာ တောအုပ်ကြီးအတွင်း ဖြတ်သန်းရလေသည်။ သားဖြစ်သူသည် တောအုပ်ထဲသို့ ဖြတ်သန်းစဉ် ပြည့်ရှင်မင်းကြီး၏ စည်တီးသံဟုမှတ်ယူပြီး ခိုးသားဓားပြတို့ ထွက်ပြေးစေရန်လမ်းတစ်လျှောက် စည်ကိုအဆက်မပြတ် ကျယ်လောင်စွာတီး၍ လိုက်လာလေသည်။ ထိုအခါ ဖခင်ဖြစ်သူက မင်းကြီး၏စည်သည် ရံဖန်ရံခါမှတီးသည်ဖြစ်၍ စည်ကို အဆက်မပြတ် မတီးရန် သားဖြစ်သူအား သတိပေးဆုံးမသော်လည်း သားဖြစ်သူက နားမထောင်ဘဲ အဆက်မပြတ် တီးခတ်လိုက်ပါလာလေသည်။ ထိုစဉ်တွင် တောအုပ်အတွင်းရှိ ခိုးသားဓားပြတို့ စုရုံးရောက်ရှိလာပြီး ထိုသားအဖအား ရိုက်ပုတ်၍ စည်တီးဖျော်ဖြေရာမှ ရလာသော ငွေအသပြာများကို လုယက်ထွက်ပြေးကြကုန်သည်။ ဤကား ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဇာတ်တော်မျှသာဖြစ်ပါသည်။ အလားတူသာဓကများ၊ အဖြစ်အပျက်များ လောက၌ များစွာရှိလေသည်။

လက်ရှိ မျက်မှောက်ခေတ်တွင်လည်း မိမိတို့ပတ်ဝန်းကျင်ကို လေ့လာကြည့်ကြပါ။ မိဘစကားနားထောင်သူများနှင့် နားမထောင်သူများ ဘဝအနေအထား ခြားနားပုံကို တွေ့မြင်ရပေလိမ့်မည်။ မိဘစကား မြေဝယ်မကျ နားထောင်တတ်သော သားသမီးတို့သည် ဘဝအဆင့်ဆင့် တက်လှမ်းနိုင်ကြကုန်၏။ မိဘတို့မည်သည် လမ်းကောင်းကိုသာ ညွှန်ပြတတ်၏။ လမ်းမှားကို ပြလေ့မရှိ။ ကောင်းသောလမ်း၊ ကောင်းသောစကားတို့ဖြင့်သာ သားသမီးတို့အပေါ် ပြောဆိုဆုံးမတတ်ကြပါသည်။

သို့ပါ၍ လူငယ် လူရွယ်တို့သည် မိဘ ဆရာသမားတို့၏ ဆိုဆုံးမမှုများအပေါ် လေးစားစွာ နာခံဆောင်ရွက်ခြင်းဖြင့် ဘဝလမ်းကြောင်းဖြောင့်ကာ တစ်ဆင့်ထက်တစ်ဆင့် တက်လှမ်းလျက် ဘဝတိုးတက် အောင်မြင်ကြမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ သရေခေတ္တရာမြို့ဟောင်းကြည့်ရှုစစ်ဆေး

သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက် ခင်းကျင်းပြသမှုများကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၇

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် လိုက်ပါလျက် ဩဂုတ် ၅ ရက်က သရေခေတ္တရာ ရှေးဟောင်းသုတေသနပြတိုက်ကို ကြည့်ရှုစစ်ဆေးပြီး ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် နေရာဒေသများဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ (ICOMOS) မှ လာရောက်စစ်ဆေးရာတွင် ပြတိုက်ကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း ရှိ/ မရှိ အသေးစိတ်စစ်ဆေးမည်ဖြစ်ကြောင်း၊ ပြခန်းပြကွက်ခင်းကျင်းမှုများ သေသပ်ကောင်းမွန်ရန်နှင့် ပြည့်စုံမှုရှိရန် လိုအပ်ကြောင်း၊ ပြတိုက်မှူးနှင့် ပြတိုက်ဝန်ထမ်းများသည် ပြသပစ္စည်းများနှင့်စပ်လျဉ်းပြီး ရှေးဟောင်းသုတေသနအမြင်၊ အနုပညာအမြင်များအပြင် သမိုင်းကြောင်းအထောက်အထားပြည့်စုံမှန်ကန်စွာဖြင့် ရှင်းလင်းပြောကြားနိုင်အောင် လေ့ကျင့်ထားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုကို အသိပညာပေးရာတွင်လည်း နားလည်သဘောပေါက်လွယ်အောင် စနစ်တကျရှင်းလင်းပြသရန်နှင့် ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူလူထု ပိုမိုစိတ်ဝင်စားစွာ လာရောက်လေ့လာနိုင်စေရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) တွင် ဒေသဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နေရာများ မွမ်းမံထိန်းသိမ်းရေးလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံနေရာ ပတ်ဝန်းကျင် အမြင်တင့်တယ် လှပသာယာစေရေးအတွက် မြေယာရှင်း ပြင်ဆင်ခြင်းလုပ်ငန်းကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တူးဖော်ရေးကုန်းအမှတ်(၄၈)၊ တူးဖော်ရေးကုန်းအမှတ် (၄၉)၊ နဂါးတွန့်မြို့ဝင်ပေါက်၊ ရဟန္တာဂူ၊ ရဟန္တာကန်၊ တူးဖော်ရေး ကုန်းအမှတ်(၁၉)၊ တူးဖော်ရေး ကုန်းအမှတ်(၅၃) လုလင်ကျော်မြို့ဝင်ပေါက်တို့ကို ကြည့်ရှုပြီး ရဟန္တာဂူနှင့် ရဟန္တာကန်ပတ်ဝန်းကျင်မြေယာရှင်းခြင်းပြုပြင်ရန်၊ ရှေးဟောင်းအဆောက်အအုံများသို့ သွားရောက်လေ့လာ ကြည့်ရှုနိုင်ရေးအတွက် ကျိုးကူးသစ်သားတံတားများ တည်ဆောက်ရန်၊ ရှေးဟောင်းအဆောက်အအုံနေရာ ပတ်ဝန်းကျင်မြေယာရှင်းပြင်ဆင်ခြင်း လုပ်ငန်းတို့ဆောင်ရွက်ရန်နှင့် ရေနုတ်မြောင်းများတူးဖော်ရန်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နေရာတစ်ခုမှ တစ်ခုသို့ ဆက်သွယ်သွားလာနိုင်မည့် လမ်းဖောက်လုပ်ရန်တို့ကို မှာကြားသည်။

မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် မြို့ဟောင်းများအနက် ပျူခေတ် မြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ၂၀၁၄ ခုနှစ် ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် အတည်ပြုဆုံးဖြတ်မည်ဖြစ်သည်။ ထိုသို့အတည်ပြု ဆုံးဖြတ်ခြင်းမပြုမီ အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများနှင့် နေရာဒေသများဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ (ICOMOS)မှ အကြံပေးစစ်ဆေးရေးအဖွဲ့များသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ဗိဿနိုးမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဟန်လင်းမြို့ဟောင်းကိုလည်းကောင်း လာရောက်စစ်ဆေးမည်ဖြစ်ရာ အကောင်းဆုံးစစ်ဆေးခံနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီက အားသွန်ခွန်စိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေမြုပ်ခဲ့သည့် ရပ်ကွက်များရှိ ရေကန်၊ ရေတွင်းများ သန့်ရှင်းရေး ဆောင်ရွက်

ကော့ကရိတ် ဩဂုတ် ၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော ရပ်ကွက် ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇ ရှိ ရေမြုပ်ခဲ့သည့် ရေတွင်း ရေကန်များကို ရေဆိုးများ စုပ်ထုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီကစ၍ ရပ်ကွက်အလိုက် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်ဦးဆောင်ကြီးကြပ်ကာ အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဌာနများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် ရပ်မိ ရပ်ဖများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးလီရှင်းမြင့် ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ် M-၃၄၅၉၀၂ မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၄၃၅၁၁

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်မြနွဲ့အေး ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၁၄၀၆

ပြည်တွင်းသတင်း

❒ *ရှေ့ဖုံးမှ*

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းတွင် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခြင်း၊ အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းအကောင်အထည်ဖော်မှုတွင် တိုးတက်မှုများရရှိနေခြင်း၊ အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအဖွဲ့ ထူထောင်နိုင်ခြင်း၊ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းစသည့် အောင်မြင်မှုများကို ချီးကျူးပါသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းတွင်လည်း အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံများသည် ကမ္ဘာ့စီးပွားရေးဦးဆောင်နိုင်ငံများဖြစ်ကြသည့်အားလျော်စွာ ယင်းနိုင်ငံများနှင့် စီးပွားရေးကုန်သွယ်ရေးဆက်ဆံမှုများ တိုးမြှင့်နိုင်သည့်အတွက် အာဆီယံနိုင်ငံများအတွက် အကျိုးဖြစ်ထွန်းစေပါသည်။ အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်မှုပမာဏတိုးမြင့်လာခြင်း၊ ဒေသတွင်းနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသများ ထူထောင်နိုင်ခြင်း၊ အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုမဟာစီမံကိန်းကို အကောင်အထည်ဖော်ခြင်းနှင့်စီးပွားရေးကဏ္ဍတွင် အစိုးရနှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကြောင့် အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်မှုကို များစွာအထောက်အကူပေးလျက်ရှိပေသည်။

အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း၏ မြင့်မြတ်သောရည်ရွယ်ချက်မှာ ပြည်သူလူထုကိုဗဟိုပြုလျက် အေးအတူ ပူအမျှခံစားမည့် လူမှုအဖွဲ့အစည်းထူထောင်ရန်ပင်ဖြစ်ပါသည်။ ယင်းရည်မှန်းချက်သည် အာဆီယံဒေသတွင်းနေ ပြည်သူအားလုံး၏ဘဝသာယာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင်ပြေစေရေးနှင့် လူမှုဘဝဖူလုံရေးတို့ကို ဟန်ချက်ညီညီ မြှင့်တင်ပေးလျက်ရှိပါသည်။ အဖွဲ့ဝင်နိုင်ငံများတွင် ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း တစ်ပြေးညီရှိရေး၊ အာဆီယံအသိုက်အဝန်း၏ အသီးအပွင့်များကို အဖွဲ့ဝင်နိုင်ငံများက မျှဝေခံစားပြီး ကလေးသူငယ်၊ လူငယ်လူရွယ်၊ အမျိုးသမီး၊ အမျိုးသားအားလုံး၏ လူမှုဘဝမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နှစ်ပေါင်း ၄၆ နှစ်ကြာ ပြောင်းလဲတိုးတက်လာသော အာဆီယံအဖွဲ့ကြီးသည် ယနေ့အချိန်အခါ၌ အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ပေါင်းစည်းမည့် ဒေသဆိုင်ရာ အဖွဲ့အစည်းအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုကြပါသည်။ နိုင်ငံအများအပြားက အာဆီယံဆိုင်ရာ သံအမတ်ကြီးများ ခန့်အပ်ထားခြင်းသည် ယင်းအချက်ကို သက်သေထူလျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ် ထမ်းဆောင်မည်ဖြစ်ရာ အဖွဲ့ဝင်ဖြစ်ပြီး ၁၆ နှစ်အကြာတွင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အာဆီယံအဖွဲ့ကြီး၏ လက်ရှိအောင်မြင်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ရန် ဆောင်ရွက်ရမည့်ကိစ္စများကို ဖြည့်ဆည်းရန်လည်းကောင်း၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံ၏ သွင်ပြင်လက္ခဏာကို အုတ်မြစ်ချရာတွင်လည်းကောင်း ဦးဆောင်ဦးရွက်ပြုမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများသည် အာဆီယံအသိုက်အဝန်းအတွင်း အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပေါင်းစည်းမှုကို ပိုမိုခိုင်မြဲစေသည့် အခွင့်အလမ်းရရှိစေပါသည်။ အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်အညီ ပြည်သူကိုဗဟိုပြုသည့် ဒီမိုကရေစီနိုင်ငံကို တည်ဆောက်လျက်ရှိရာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီး ပြည်သူတို့၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ပါသည်။ အာဆီယံအသိုက်အဝန်း၏ ရည်မှန်းချက်များပြည့်မီအောင် ဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရည်မှန်းချက်များ ပြည့်မီလာမည်ဖြစ်ပေသည်။

မြန်မာပြည်သူတစ်ရပ်လုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်အဖြစ်ပေါ်ထွန်းလာရေး၊ အာဆီယံအသိုက်အဝန်းပေါ်ထွန်းရေးတို့အတွက် အသိစိတ်ဓာတ်ရှိစွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် အလွန်အရေးကြီးလှပါသည်။ အာဆီယံမိသားစုအတွင်း တစ်နိုင်ငံချင်းတိုးတက်အောင်မြင်မှုရရှိရန် ကြိုးပမ်းရင်း အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ရိုင်းပင်းကူညီလက်တွဲခေါ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကလည်း အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား တည်ရှိသည့် မိမိတို့၏ ပထဝီဒေသအခြေအနေကို အသုံးချ၍ အာဆီယံအသိုက်အဝန်းထူထောင်ရေးကို တစ်ဖက်တစ်လမ်းမှ အတတ်နိုင်ဆုံးပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရာတွင် အာဆီယံအချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းခြင်း၊ အာဆီယံ၏တူညီဆန္ဒကိုရယူခြင်း၊ အာဆီယံကို ကိုယ်စားပြုပြီး ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးပိုမိုမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်များ၏ ထောက်ခံအားပေးမှုကိုရယူလျက် ဥက္ကဋ္ဌ၏တာဝန်ကိုအောင်မြင်အောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား

အာဆီယံ၏(၄၆)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် အာဆီယံအဖွဲ့ဝင်တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့်-

- ၂၀၁၄ ခုနှစ်အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရာတွင် တက်ကြွစွာပါဝင်ကြပါရန်၊
- အာဆီယံပြည်သူများအတွက် ပြည်သူဗဟိုပြုသည့် ငြိမ်းချမ်းသာယာဝပြောသော အာဆီယံအသိုက်အဝန်းတစ်ရပ် ထူထောင်ရေးတွင် ဝိုင်းဝန်းကြိုးပမ်းကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၃၁/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
ဒုတိယဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဒုတိယဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

(၁)	ဦးဇင်ယော်	ပို့ဆောင်ရေးဝန်ကြီးဌာန
(၂)	ဦးမြင့်ဇော်	စွမ်းအင်ဝန်ကြီးဌာန

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
(အမှတ်၊ ၅၃/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၉-၄-၂၀၁၁)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၁)ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များတွင် အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲဖော်ပြပါ အကြံပေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(၁)	ဒေါက်တာအောင်ထွန်းသက်	စီးပွားရေးအကြံပေးအဖွဲ့
(၂)	ဒေါက်တာဇော်ဦး	စီးပွားရေးအကြံပေးအဖွဲ့
(၃)	ဦးညဏ်နိုင်ဝင်း	ဥပဒေအကြံပေးအဖွဲ့

အမိန့်အရ
ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

တာဝန်မှအနားယူခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
(အမှတ်၊ ၅၂/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)
တာဝန်မှအနားယူခွင့်ပြုခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၉-၄-၂၀၁၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁)ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များမှ နိုင်ငံရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးရဲတင့်အား တာဝန်မှ အနားယူခွင့်ပြုလိုက်ပါသည်။

အမိန့်အရ
ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။



ပြည်တွင်းသတင်း

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးပြီး အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

တက်ရောက်

အဆိုပါသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ရုံး/ဌာနများမှ အရာရှိ/စစ်သည်မိသားစုများ တက်ရောက်ကြသည်။

စိုက်ပျိုးပေး

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်များအား ဦးဆောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ/စစ်သည်မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ) မိသားစုများ၏ ၂၀၁၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၅၀၄၀ အား စုပေါင်းစိုက်ပျိုးခဲ့ပြီး ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင် ၅၀၀၀ စိုက်ပျိုးပေးခဲ့ပြီးဖြစ်သည်။ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှ စတင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကျွန်း၊ပိတောက်၊ ပျဉ်းကတိုး စသည့် ရတနာတန်းဝင် ၁၁၅၁၀ ၊ သရက်၊မန်ကျည်း၊ ပိန္နဲ၊တမာ၊ သစ်ဆိမ့်၊ မဲဇလီ စသည့် နှစ်ရှည်စားပင် ၂၄၅၇၀၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း စသည့် အရိပ်ရ လေကာပင် ၉၆၅၀ စုစုပေါင်းအပင် ၄၅၇၃၀ စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်

ရန်ကုန် ဩဂုတ် ၇

ကာကွယ်ရေး ဦးစီးချုပ် ရုံးမှ ဗိုလ်ချုပ် သန်းစိုး အမှာ စကား ပြော ကြား စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၆၈ ဦး စိစစ်တွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၄င်းတို့၏မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO Save the children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်လည်နုတ်ထွက်ခွင့်ရ ကလေးသူငယ် ၆၈ ဦးနှင့် ၄င်းတို့၏မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်သန်းစိုးနှင့် Co.,Chair of CTFMR Mr.Ashok Nigam တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့်လက်မှတ်နှင့် ၁၀နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘသို့မဟုတ် အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိ မရှိ စစ်ဆေး၍ လိုအပ်ကကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန်ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည့် ကျွမ်းကျင်မှုများ သင်ယူရန်ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို အဆိုပါ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်) တွင် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးအား ပထမအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦးအား ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦးအား တတိယအကြိမ်အဖြစ် လွှဲပြောင်းပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် စတုတ္ထအကြိမ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လုပ်ငန်းစီမံချက်ကို (UN CTFMR) နှင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

အဆိုပါ စီမံချက်ကို အကောင်အထည်ဖော်ရန် အသေးစိတ်လုပ်ငန်းအစီအစဉ်များကိုလည်း ရေးဆွဲသဘောတူပြီးဖြစ်ရာ ၁၈ လအတွင်း တပ်မတော်အတွင်း၌ အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်း စုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုင်ကျုံမြို့နယ်ခွဲရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၀၀ နှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဩဂုတ် ၇

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦးတို့သည် ဇူလိုင် ၆ ရက်တွင် ပိုင်ကျုံမြို့နယ်ခွဲ ကစိုကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၀၀ နှင့် ထောက်ပံ့ငွေများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိရန်သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၁၄/၂၀၁၃)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၁ ရက်

၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် သတင်းထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေစတင်အာဏာမတည်မီ ဆောင်ရွက်ဖွယ်လုပ်ငန်းကိစ္စရပ်များအကောင်အထည်ဖော်နိုင်ရန်အတွက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ (၂၂) ခုအနက်မှ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ** ကို ၂၁-၁၀-၂၀၁၀ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၄/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သည်။

၂။ အဆိုပါ ဥပဒေအား ရုပ်သိမ်း၍ ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေး ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သည်။ ထို့နောက်အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် (၁၃-၂-၂၀၁၃) ရက်တွင် ပေးပို့ခဲ့သည်။ နိုင်ငံတော်သမ္မတသည် **ပေးပို့လာသော ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း**အား အချက် (၉)ချက်ကို ပြင်ဆင်ပေးရေးသဘောထားမှတ်ချက်ပြု၍ (၂၂-၂-၂၀၁၃) ရက်တွင် ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပြန်လည်ပေးပို့ခဲ့ရာ အပြည့်အစုံကို စာပိုဒ်(၃)၏ ဇယားစာတိုင် (၃) တွင် ဖော်ပြထားသည်။ နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းများ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး ရေရှည်အသုံးပြုနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန်နှင့်၊ အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်စွာ ဆက်စပ်အသုံးပြုနိုင်ရန်တို့အတွက် အကြံဉာဏ်ရယူပြီးမှ အကြံပြုချက်များအပါအဝင် သဘောထားမှတ်ချက်များ ပေးပို့ခဲ့ခြင်းဖြစ်သည်။

၃။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပေးပို့ခဲ့သော သဘောထားမှတ်ချက် (၉)ချက်အပေါ် ညှိနှိုင်းဆွေးနွေးပြီး သဘောထားမှတ်ချက်အားလုံးကို လက်မခံဘဲ မူလအတိုင်းပင် အတည်ပြု၍ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးရန် (၂၉-၇-၂၀၁၃) ရက်တွင် ပြန်လည်ပေးပို့ခဲ့သည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ် အတည်ပြုချက်တို့ကို အောက်တွင် ယှဉ်တွဲဖော်ပြသည်-

စဉ်	ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်	ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်
၁	၂	၃	၄
(က)	၂(ဇ)။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။	ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)တွင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** အဆင့် အဖွဲ့အစည်းဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဖြစ်ကြောင်း ပြဋ္ဌာန်းချက်မပါရှိသဖြင့် ထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုပါသည်။
(ခ)	၂(ဠ)။ လွှတ်တော်ကိုယ်စားလှယ်ရုံးဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသောရုံးကို ဆိုသည်။	ပုဒ်မ ၂၊ ပုဒ်မခွဲ(ဠ)တွင် လွှတ်တော်ကိုယ်စားလှယ်ရုံးကို အဓိပ္ပာယ်ကိုဖော်ပြထားပြီး ပုဒ်မ ၈၁ တွင် လွှတ်တော်ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပြုထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ပေးမည်ဆိုပါက ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်မှုမရှိသော ခွဲခြားဆက်ဆံမှုဖြစ်စေခြင်း၊ ရုံးနှင့်ဝန်ထမ်းခန့်ထားရေးအပါအဝင် စရိတ်စကများ အသုံးပြုရန်ငွေကြေးလိုအပ်လာခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းခွင့်ပြုထားသည့် လွှတ်တော်ရုံးများက ကိုယ်စားလှယ်များအတွက် ဆောင်ရွက်ပေးနိုင်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအား ပါတီနိုင်ငံရေးဆောင်ရွက်ခွင့်ပြုထားရာ ထိုသို့ရုံးခွဲဖွင့်လှစ်ခြင်းကြောင့် ရှုပ်ထွေးမှုများဖြစ်ပေါ်လာနိုင်ခြင်းစသည့် မလိုလားအပ်သောအခြေအနေများ ရှိလာနိုင်သဖြင့် လက်ရှိကာလ၌ ဥပဒေကြမ်းတွင် ထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုပါသည်။
(ဂ)	၉(င)။ မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊	ပုဒ်မ ၉၊ ပုဒ်မခွဲ (င)တွင် လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်သည် လွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ပြည်ထောင်စုတရား လွှတ်တော်ချုပ်တို့၏ သုံးစွဲသည့် အာဏာကို အဖွဲ့အစည်းအနေဖြင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရန်သာဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းစီသို့အာဏာအပ်နှင်းခြင်းမရှိပါ။ အကယ်၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ထိန်းကျောင်းလိုပါက မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်းအလိုက် ဆောင်ရွက်ပြီး အခြားအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်နေပါက အဆိုပါ အဖွဲ့အစည်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဆက်သွယ်ရန် ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ဥပဒေကြမ်း ပုဒ်မ ၉၊ ပုဒ်မခွဲ(င) ကိုထည့်သွင်းပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုပါသည်။
(ဃ)	၁၀(ဂ)။ လွှတ်တော်တွင် တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက် ရယူခြင်း၊	ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)တွင် "မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း"ဟုဖော်ပြထားရာ"အချက်အလက်များရယူခြင်း" ဆိုသည့် အချက်ကို ဖြည့်စွက်ထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေများနှင့် အခြား တည်ဆဲဥပဒေများအရ ကြည့်ရှုခွင့်၊ ပေးအပ်ခွင့် မရှိကြောင်း တားမြစ်ထားသည့် စာရွက်စာတမ်းများ၊ အချက်အလက်များ ရှိနေသဖြင့် အဆိုပါ ဖြည့်စွက်ချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသောစာရွက်စာတမ်း သို့မဟုတ် အချက်အလက်များမှအပ ဟူ၍ ခြွင်းချက်ပြု၍ ဖြည့်စွက်သင့်ပါသည်။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုပါသည်။
(င)	၁၂(စ)။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများထံ ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း။	ပုဒ်မ ၁၂၊ ပုဒ်မခွဲ(စ)သည် လွှတ်တော်ကိုယ်စားလှယ်များအတွက် နေရာထိုင်ခင်းနှင့် လုံခြုံရေးဆိုင်ရာ အထူးအခွင့်အရေး ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့၏မဲဆန္ဒနယ်မြေသို့ သွားရောက်ခြင်းဖြစ်၍ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူများနှင့် တစ်သားတည်းဖြစ်စေရန် လိုအပ်ခြင်း၊ သာမန်နိုင်ငံသားတစ်ဦး ခံစားခွင့်မရှိသော သက်သေခံခြင်း၊ ဖမ်းဆီးခံရခြင်းတို့မှ ကင်းလွတ်ခွင့်ရရန်တို့ကို ခံစားခွင့်ပြုပြီးဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းကြား ဆက်ဆံရေးစနစ်အရ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ၎င်းပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုပါသည်။
(စ)	၁၃။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် လွှတ်တော် မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေး ရန်ပုံငွေကို နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။	ပုဒ်မ ၁၃ တွင် လွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် လွှတ်တော် မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲခြင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးများတွင်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တင်ပြသောဒေသအလိုက် ဆောင်ရွက်မည့် ခွင့်ပြုစီမံကိန်းများနှင့် သက်ဆိုင်သည့် အမျိုးသားစီမံကိန်း ဥပဒေကြမ်းများကိုဆွေးနွေးခွင့်၊ အကြံပြုခွင့်ရရှိပြီးဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်သူ့လွှတ်တော်က အတည်ပြုပြီးမှ အုပ်ချုပ်ရေးအဖွဲ့အစည်းက သုံးစွဲရခြင်းတို့ကြောင့် ပုဒ်မ ၁၃ကို ထည့်သွင်းပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုပါသည်။

စာမျက်နှာ ၆ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၅ မှ

စဉ်	ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်	ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်
(ဆ)	၂၃။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးတို့ အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။	ပုဒ်မ ၂၃တွင် "လွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်" ဟု ဖော်ပြထားကြောင်း တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က)တွင် "အခြားရေးရာကိစ္စများ" ဆိုသည့် စကားရပ်နှင့် "ကာလသတ်မှတ်၍"ဆိုသည့် စကားရပ်များကို ပြဋ္ဌာန်းထားခြင်းမရှိ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု မရှိကြောင်းတွေ့ရှိရသဖြင့် ထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက်အတည်ပြုပါသည်။
(ဇ)	၂၄။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန် လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။	ပုဒ်မ ၂၄တွင် "လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စရပ်များကို လေ့လာရန်လိုအပ်ပါက အဖွဲ့များကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်"ဟု ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇၊ ပုဒ်မခွဲ (က)တွင် "ဥပဒေပြုရေး၊ တိုင်းရင်းသား လူမျိုးများအရေးကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်" ဟု ပြဋ္ဌာန်းထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိပါသဖြင့် ထည့်သွင်းပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက်အတည်ပြုပါသည်။
(ဈ)	၈၄။ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေး ကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒ ဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များ ဖြစ်သည်ဟု မှတ်ယူရမည်။	ပုဒ်မ၈၄ကို ဖြည့်စွက်ထားခြင်းသည် ဂုဏ်သိက္ခာနှင့်သက်ဆိုင်သည့် အပြုအမူဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ အပြုအမူ အရည်အချင်းကို မှတ်ယူ၍ မရနိုင်ပါ။ ဥပဒေကြမ်း၏ ပုဒ်မ ၁၁တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်စည်းကမ်းများကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ ယင်းကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းလျှင် အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်အဖြစ် ရောက်ရှိလာမည် ဖြစ်ပါသည်။ ဂုဏ်သိက္ခာဆိုင်ရာ အရည်အချင်းကို မှတ်ယူစေရန် ဥပဒေပြဋ္ဌာန်းခြင်းမှာ မသင့်ပါသဖြင့် ဤပုဒ်မကို ထည့်သွင်းပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက်အတည်ပြုပါသည်။

၄။ ထိုသို့ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းပါ ဖော်ပြချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်၊ အဓိကကျသည့် ဒီမိုကရေစီကျင့်စဉ်များဖြစ်သော ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုရေးဟူသော အချက်များနှင့် ညီညွတ်ရန်စသည့် လိုအပ်ချက်များရှိနေခြင်းကြောင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုနိုင်သည်ကို သိရှိနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် (၅-၈-၂၀၁၃) ရက်တွင် ပြည်ထောင်စုလွှတ်တော် နာယကထံ သဝဏ်လွှာပေးပို့ခဲ့ရာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

*၁။ **"၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း"** ကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့်စပ်လျဉ်း၍ ရည်ညွှန်း(၁)ပါ သဝဏ်လွှာဖြင့် နိုင်ငံတော်သမ္မတလက်မှတ် ရေးထိုးရန် ပေးပို့လာရာ ရည်ညွှန်း(၂)ပါ သဝဏ်လွှာဖြင့် အချက် (၉) ချက်အား သဘောထားမှတ်ချက်ပြု၍ ပြန်ကြားခဲ့ပါသည်။*

၂။ အဆိုပါ ပေးပို့ခဲ့သော သဘောထားမှတ်ချက်များအပေါ် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်းမရှိဘဲ မူလအတည်ပြုသည့်အတိုင်းပင် ဆက်လက်အတည်ပြု၍ လက်မှတ်ရေးထိုးရန် ပြန်လည်ပေးပို့လာပါသည်။

၃။ ဥပဒေကြမ်းပါ ဖော်ပြချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေတို့၏ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရန်၊ အဓိကကျသည့် ဒီမိုကရေစီကျင့်စဉ်များဖြစ်သော ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုရေးဟူသော အချက်များနှင့်ညီညွတ်ရန် လိုအပ်ကြောင်း သုံးသပ်ရရှိပါသည်။

*၄။ သို့ပါ၍ ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးရန် ပေးပို့လာသော **"၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။*

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ရန် လိုအပ်သော ပြဋ္ဌာန်းပြီးဥပဒေများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ခ)တွင် **"ဥပဒေပြုလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိ စိစစ်ရန်"** ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိချက်အရ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး** အနေဖြင့် စိစစ်သွားရန် တာဝန်ရှိကြောင်း သိရှိရသည်။

၆။ ပြည်ထောင်စုလွှတ်တော်သည် **၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ**ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၉၈ တို့ပါ ပြဋ္ဌာန်းချက်များအရ (၆-၈-၂၀၁၃) ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ အဖြစ် ပြဋ္ဌာန်းခဲ့ပြီး၊ အပြည့်အစုံကို (၇-၈-၂၀၁၃) ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

၇။ **၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်း**ကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဥပဒေပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ၏ အရေးယူဆောင်ရွက်ခဲ့မှုများနှင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေး လက်မှတ်ရေးထိုးခြင်းမပြုခဲ့သည်တို့ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

◆ *ရွှေဖုံးမှ*

ရေဘေးဒုက္ခသည်စခန်းများ ဖွင့်လှစ်၍ကူညီထောက်ပံ့မှုများပြုလုပ်နေရချိန်ဖြစ်သည်။ ယခုနှစ်အဖို့ ထိုဒုက္ခများမှ ယခုအချိန်ထိ ကင်းဝေးနေရပါသည်။

ယခင်နှစ် ၂၀၁၂ခုနှစ် ဇူလိုင် ၂၆ ရက်၏ ပဲခူးမြစ်ရေအမှတ်မှာ(၈၆၄) ဖြစ်ပြီး ဇူလိုင် ၃၁ ရက်တွင် ရေအမှတ်(၈၈၁)ဖြစ်သည်။ ဩဂုတ် ၁ ရက်တွင်မူ ရေအမှတ် (၈၈၆)အထိ မြင့်တက်ခဲ့ဖူးသည်။ သို့ဖြစ်၍ ပဲခူးရေကြီးသည်။ ထိုနှစ်က ရွာသွန်းသော မိုးရေချိန်မှာ ၁ ဒသမ ၀၆ လက်မမျှသာ ဖြစ်သော်လည်း ပဲခူးရေကြီးခဲ့သည်။

ရွာသွန်း

ယခု ၂၀၁၃ ခုနှစ်တွင်မူ မိုးအလွန်များပါသည်။ မိုးရေချိန်မှာ ယခင်နှစ်ကထက် တစ်ဆတိုး၍ ၂ ဒသမ ၅၆လက်မအထိ သဲသဲမဲမဲ ရွာသွန်းခဲ့သည်။ သို့ရာတွင် ဇူလိုင် ၂၆ ရက်၏ ပဲခူးမြစ်ရေအမှတ်မှာ ယခင်နှစ်ကထက် လျော့နည်းပြီး ၆၄၃ သာရှိခဲ့သည်။ ဇူလိုင် ၃၁ ရက်တွင် ရေအမှတ်(၇၁၇) ရှိလာခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ပဲခူးမြစ်ရေအမှတ်မှာ(၈၄၂)သာရှိခဲ့သည်။ မိုးအလွန်များပြီး မိုးရေချိန်လက်မမြင့်တက်ခဲ့သော်လည်း ပဲခူးရေမကြီးခဲ့ပါ။ ပဲခူးရေမကြီးခြင်းသည် သတင်းဆန်းဖြစ်သည်ဟူသော ပဲခူးသူ ပဲခူးသားများက သတင်းသမားကို ဘာကြောင့်ပဲခူးရေမကြီးပါသနည်း လေ့လာစုံစမ်းပေးပါရန် ပြောလာကြသည်။

တူးဖော်ဆောင်ရွက်

သို့ဖြစ်၍ သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သွားရောက်စုံစမ်းခဲ့ရာ တာဝန်ရှိသူများက ပဲခူးမြစ်အတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံ ၁၁ ခုကို ယမန်နှစ်က စက်ယန္တရားကြီးများဖြင့် တူးဖော်လိုက်ကြောင်းနှင့် ရေလှောင်တမံများ ရေနုတ်မြောင်း ရေသွယ်မြောင်းစီမံကိန်း ၁၄ ခုကို ငွေကျပ်သန်းပေါင်း ၅၀၀၀၀ ကျော် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နိုင်ငံတော်ရန်ပုံငွေဘတ်ဂျက်တင်ပြတောင်းခံ၍ တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

များးစွာအဆင်ပြေ

သို့ဖြစ်၍ ယခုနှစ်အဖို့ ပဲခူးရေမကြီးရခြင်းအကြောင်းကို တိကျသေချာစွာ သိရှိခဲ့ရသည်။ ထို့ကြောင့် ရန်ကုန်၊ ပဲခူး၊ တောင်ငူကတ္တရာလမ်းမပေါ် ရေမရောက်ရှိသဖြင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်၍ များစွာ အဆင်ပြေခဲ့သည်။

၎င်းအပြင် ပဲခူးစစ်တောင်းတူးမြောင်းကို တာပုံစံကျပြုပြင်ခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်နေပြီး ပဲခူးမြစ်ကို ပဲခူးမြို့နယ်အတွင်း မြို့ဦးကင်းကျေးရွာနှင့် အောက်စည်တီးရွာအကြား တစ်နေရာ၊ တာဝကျေးရွာနှင့် စဥ့်အိုးဘိုရွာကြား တစ်နေရာ၊ ကဝမြို့နယ်အတွင်း ထုံးကလေးကျေးရွာနှင့်ငှက်ပျောတောကျေးရွာအကြားတစ်နေရာ စုစုပေါင်းလေးနေရာကို ပဲခူးမြစ်ဖြောင့်တန်းစေရန် ဆောင်ရွက်ထားကြောင်း ရေးသားတင်ပြလိုက်ပါသည်။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မြဝတီမြို့တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီ

မြဝတီ ဩဂုတ် ၇

ကရင်ပြည်နယ် မြဝတီမြို့တွင် သောင်ရင်းမြစ်ရေကြီးမှုကြောင့် စာသင်ကျောင်းများကို ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် စတင်ပိတ်ထားခဲ့သည်။

ဩဂုတ် ၁ ရက်တွင် သောင်ရင်းမြစ်ရေလျော့ကျကာ ပုံမှန်အတိုင်း စီးဆင်းနေပြီဖြစ်သောကြောင့် ဩဂုတ် ၇ရက်တွင် စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် အေးချမ်းပျော်ရွှင်စွာ ကျောင်းပြန်လည်တက်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံတွင် အေပီသတင်းဌာန ရုံးခွဲဖွင့်

ရန်ကုန် ဩဂုတ် ၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့ အခြေစိုက် အေပီသတင်းဌာနရုံးခွဲ (Associated PressYangon Bureau)ကို ဩဂုတ် ၆ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် Centre Pont Tower အဆောက်အအုံ ခြောက်လွှာတွင်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံရှိ နိုင်ငံခြားအခြေစိုက် သတင်းဌာနရုံးခွဲများအနက်အနောက်နိုင်ငံသတင်းဌာနများမှ ပထမဆုံးဖြစ်ပြီး ဧပြီ ၁ ရက်ကတည်းက ဖွင့်လှစ်ခွင့်ရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

အေပီသတင်းဌာနသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်တွင်သတင်းဌာနခွဲပေါင်း ၃၀၀ ကျော် ဖွင့်လှစ်ထားသည့် သတင်းအဖွဲ့အစည်းကြီးတစ်ခုဖြစ်ကာ သတင်းထူးချွန်ဆု ၅၁ ဆု ချီးမြှင့်ခြင်းခံထားရကြောင်း သိရသည်။ **မောင်ဇော်**

လွှတ်တော်ရေးရာကဏ္ဍ

● ပြည်သူ့လွှတ်တော်မှ

လွှတ်တော်ကိုယ်စားလှယ်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်း၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး လွှတ်တော်၏အတည်ပြုချက် ရယူခဲ့သည်။

“တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း” နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်က “ပထမတုန်းကတော့ တောင်သူလယ်သမားတွေရဲ့နှစ်ရှည်ချေးငွေရရှိရေး၊ စပါးအထွက်နှုန်းမြင့်မားရေးအတွက် နည်းပညာပေးရေး၊ စပါးဈေးကျသည့်အခါ တောင်သူလယ်သမားများအကြွေးတင်တဲ့အတွက် ဖြေရှင်းနိုင်ရေးကိစ္စတွေကို ရည်ရွယ်ပြီး ရေးဆွဲခဲ့ပါတယ်။ နောက်ပိုင်းမှာ NGO၊ INGOတွေရဲ့ အကြံပြုချက်တွေ ရလာပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း အကြံပြုချက်တွေကို ကော်မတီက ကြည့်ပါဆိုပြီး မှာကြားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က တောင်သူလယ်သမားအရေး စိတ်ဝင်စားသူတွေအပြင် အဖွဲ့ပေါင်း ၆၃ ဖွဲ့က တာဝန်ရှိသူများကိုလည်း ဖိတ်ကြားပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်” ဟု ပြောပြခဲ့သည်။

ထို့ပြင် “ပညာရှင်တွေရဲ့အကြံပြုချက်တွေယူပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်က တောင်သူလယ်သမားကာကွယ်ရေးဥပဒေကို ဖျက်သိမ်းလိုက်တာရှိတယ်။ ဥပမာ တရားမမှုဖြစ်တယ်ဆိုရင် သူတို့ ကျွဲတွေ၊ နွားတွေ မသိမ်းရအောင် ကာကွယ်တာတွေပါတယ်။ အခုလည်း အဲဒါတွေ ပြန်ထည့်ထားတယ်။ လယ်ယာမြေဥပဒေမှာပါတဲ့ လယ်ယာမြေငှားခွင့်၊ ပေါင်ခွင့်၊ ရောင်းချခွင့်၊ အမွေဆက်ခံခွင့် ဒါတွေလည်း ထည့်ထားတယ်။ နောက်ပြီး အရေးကြီးတဲ့အချိန်မှာ ဈေးနှုန်းသတ်မှတ်ပြီး တင်ဒါစနစ်နဲ့ ဝယ်ယူဖို့တွေလည်း ထည့်သွင်းထားတယ်။ ဒါကြောင့် ဒီဥပဒေကတော့ တောင်သူလယ်သမားတွေ အကျိုးအတွက် အမှန်တကယ်ကာကွယ်ပေးနိုင်မယ့် ဥပဒေဖြစ်မယ်” ထင်ပါတယ်လို့ ၎င်းက ဆက်လက်ပြောပြသည်။

“ကျွန်မတို့တိုင်းပြည်မှာ တောင်သူလယ်သမားတွေက အများစုပါ။ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း ရှိတယ်။ အဲဒီတောင်သူ လယ်သမားတွေရဲ့ အကျိုးစီးပွားကို မကာကွယ်နိုင်လို့ တောင်သူလယ်သမားတွေ ဒုက္ခရောက်ကြရတာလည်း အများကြီးပါ။ အခုချိန် လယ်ယာမြေစုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေးနေရတာတွေရှိတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်နိုင်ဖို့ ဥပဒေကြမ်းရေးဆွဲပြဋ္ဌာန်းတာပါ။ လယ်ယာမြေပိုင်ဆိုင်ခွင့်တွေ၊ ချေးငွေကိစ္စအရပ်ရပ်တွေမှာ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားတွေ မနစ်နာ မဆုံးရှုံးစေရေး ကာကွယ်ပေးသွားနိုင်ဖို့ ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လုပ်ဆောင်နေခြင်းပဲ ဖြစ်ပါတယ်” ဟု ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကလည်း ပြောပြခဲ့သည်။

ထို့ပြင် “ဥပဒေကြမ်းမှာ အားလုံးကောင်းပါတယ်လို့ မပြောလိုပါဘူး။ ဒါပေမယ့် လက်ငင်းကြုံတွေ့နေရတဲ့ပြဿနာတွေကို ဖြေရှင်းပေးသွားနိုင်မယ့်ဥပဒေပါ။ အားနည်းချက်၊ အားသာချက်တွေ ရှိတော့ရှိတယ်။ ဒါကလည်း အတည်ပြုနိုင်ရေးဆွေးနွေးဆဲကာလမို့ပါ။ ဒါပေမယ့် လယ်သမားတွေရဲ့ ချေးငွေကိစ္စရပ်တွေမှာ ကာကွယ်ပေးသွားမယ့် ဥပဒေတွေပြဋ္ဌာန်းပါရှိတယ်။ နောက်ပြီး လယ်သမားတွေရဲ့ လယ်ယာမြေဆုံးရှုံးမှုမဖြစ်ရအောင် ပုဒ်မတွေပြဋ္ဌာန်းထားတဲ့ ဥပဒေပါ။ လယ်သမားတွေရဲ့ အကျိုးစီးပွားကို မြှင့်တင်ပေးသွားနိုင်မယ့် ဥပဒေတစ်ရပ်လို့ ယုံကြည်ပါတယ်။ ဒီဥပဒေအတိုင်းသာ ဆောင်ရွက်မယ်ဆို တကယ်ကို ကောင်းမွန်မှာပါ။ အရင်က တောင်သူလယ်သမားတွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေရှိတယ်။ ခုမသုံးတော့ဘူးဆိုတော့ ပယ်ဖျက်ပြီးသား ဖြစ်သွားတယ်။ ဒီဥပဒေကတော့ တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်ဖို့ ခေတ်စနစ်နဲ့အညီ အချိန်ကိုက်ပေါ်ပေါက်လာတဲ့ ဥပဒေပါ။ အရင်မြေလွတ်မြေရိုင်း ဥပဒေတွေ ရှိပေမယ့် တောင်သူလယ်သမားအကျိုးစီးပွားကို ကာကွယ်ပေးနိုင်ဖို့ကတော့ ဒီဥပဒေက အထူးဥပဒေတစ်ရပ်လို့ပဲ ယုံကြည်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြခဲ့သည်။

တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကြမ်းကို တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သော ချေးငွေနှင့်အကူအညီများပေးရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ လည်းကောင်း၊ သမားရိုးကျမိရိုးဖလာမွေးမြူရေးမှ ခေတ်မီမွေးမြူရေးသို့ လည်းကောင်း ကူးပြောင်းနိုင်ရေးအတွက် နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို ပံ့ပိုးကူညီရန်၊ တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် အကျိုးအမြတ်ရှိ၍ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့်ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်နှင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရန်နှင့် အကျိုးစီးပွားကို ဦးစားပေးမြှင့်တင်ရန် ရည်ရွယ်၍ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က “အခု ဆက်သွယ်ရေးဥပဒေကြမ်းကို ပြင်ပက ပညာရှင်တွေရော၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေပါ ပူးပေါင်းရေးဆွဲထားတာဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ ဥပဒေတစ်ရပ်ပါပဲ။ တော်တော်လေးပြည့်စုံပါတယ်။ လောလောဆယ်အနေနဲ့ ချက်ချင်းလည်းပြဋ္ဌာန်းပေးရမယ့်ဥပဒေပါ၊ ပညာရှင်တွေ အများကြီးပါဝင်ပြီး ရေးဆွဲထားတဲ့ဥပဒေပါ။ ဥပဒေအသစ်ဖြစ်တဲ့အခါ ပြည်သူတွေရဲ့လုံခြုံရေးကိုလည်း ကာကွယ်ပေးသွားနိုင်ဖို့ ပုဒ်မတွေလည်း ပြဋ္ဌာန်းထားပါတယ်။ ပြည်သူတွေအပေါ်မှာလည်း ဒီဥပဒေအရ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ဒေသတွေဆီမှာ ဆက်သွယ်ရေး ကွန်ရက်ကျယ်ပြန့်အောင်၊ နောက်ပြီး အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ဆက်သွယ်မှုဧရိယာ အဝန်းအဝိုင်းလည်း ကျယ်ပြန့်လာပြီး ပြည်သူတွေအတွက် အကျိုးရှိစေမှာပါ”ဟု ပြောပြခဲ့သည်။

“အခုလိုဆက်သွယ်ရေးလုပ်ငန်း အရေးကြီးနေတဲ့အချိန်မှာ လုပ်ငန်းတွေ လျင်မြန်ပြီးတော့ စနစ်တကျဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော် ဒီနေ့ပြင်ဆင်ချက်(၃)ချက် တင်တာကလည်း လုပ်ငန်းပိုင်းဆိုင်ရာတွေက ပြည့်စုံတယ်၊ အင်မတန်ကောင်းပါတယ်။ ဒါပေမယ့် တချို့သော ပြဋ္ဌာန်းချက်များက လူတစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်ကို ထိခိုက်လာစေမယ့် ကိစ္စဖြစ်ပါတယ်။ ဒီနေ့ ဒုတိယဝန်ကြီးကနေ တစ်ဦးချင်းရဲ့လွတ်လပ်ခွင့်ကို လိုင်စင်ယူစရာမလိုဘူး။ တည်ထောင်သူကုမ္ပဏီတွေအတွက်ပဲ လိုင်စင်ယူရမယ်ဆိုတဲ့အချက်ကို ရှင်းပြတဲ့အတွက် ကျွန်တော်သဘောကျပါတယ်။သာမန်ပြည်သူတွေအတွက် တယ်လီဖုန်းလေးကိုင်ရုံနဲ့ လိုင်စင်သွားလျှောက်ရတဲ့အလုပ်တွေ လုပ်ဖို့မလိုတော့ဘူး။ ဒီဥပဒေကြမ်းကြောင့် သုံးစွဲသူသာမန်ပြည်သူတွေကို အကာအကွယ်ရသွားတဲ့အတွက် လူထုအတွက်အကျိုးရှိပါတယ်” ဟု သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်ကလည်း ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ပြီး အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ကျင်းပသည့် အပြန်အလှန်ဆွေးနွေးပွဲ (Debate)သို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပြန်အလှန်ဆွေးနွေးပွဲ (Debate) အခမ်းအနား၌ အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၇

နေပြည်တော် အမျိုးသားလွှတ်တော် အဆောက်အအုံ စုပေါင်းခန်းမ၌ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အပြန်အလှန်ဆွေးနွေးပွဲ (Debate)ကို **“ဖဆပလနှင့်ပင်လုံညီလာခံ”** ခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က တက်ရောက်အမှာစကားပြောကြားပြီး စာရေးသူ ဆရာ ဒေါက်တာမြင့်သိန်းက ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္កဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ အမျိုးသားလွှတ်တော်မှ

လွှတ်တော်ရေးရာအုပ်ချုပ်မှု ကော်မတီနှင့် အသေးစိတ်ပြန်လည် ဆွေးနွေးပြီး ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စတစ်ခုကို ဝန်ကြီးဌာနနှင့် တစ်ဖက်က တိုင်းရင်းသားများအပါအဝင် သဘောတူညီသည့် ကိစ္စတစ်ခုကို အဆိုတစ်ရပ်အနေဖြင့် တင်သွင်းရန် လိုအပ်လိမ့်မည် ဖြစ်ပါကြောင်း၊ ၎င်းအတိုင်းဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ပြောကြားသည်။

အခက်အခဲဖြစ်

အဆိုပါမေးခွန်းနှင့်ဖြေကြားချက်အပေါ် မေးခွန်းရှင် ဦးပေါလ်ထန်ထိုင်းက “မိဘမဲ့ဂေဟာဆိုတာ တစ်နိုင်ငံလုံးမှာရှိပါတယ်၊ တိုင်းရင်းသားကလေးပေါင်းစုံပါဝင်ပါတယ်။ ကျွန်တော်တို့ ချင်းလူမျိုးတချို့ကလည်း မိဘမဲ့ဂေဟာရဲ့တာဝန်ခံဂေဟာမှူးတွေဖြစ်နေတော့ ကျွန်တော့်ကို သူတို့ရဲ့အခက်အခဲလာပြောပြတယ်။ သူတို့ဆီရောက်နေတဲ့ ကလေးတွေဟာ အစကတည်းက မိဘတွေကိုယ်တိုင်ကလည်း အခြေအနေမဲ့ဖြစ်နေတော့ ပုံစံ(၁၀)နဲ့ အိမ်ထောင်စုစာရင်းတွေ ဘာမှပါမလာဘူး။ အဲ့ဒီကလေးတွေ တက္ကသိုလ်ဝင်တန်းရောက်တဲ့အခါ စာမေးပွဲဖြေဆိုဖို့နဲ့ မှတ်ပုံတင်ကတ်ပြားလုပ်ဖို့တောင် အခက်အခဲဖြစ်နေတယ်။ တချို့ မိဘနှစ်ပါးအစုံ မရှိဘူးဖြစ်နေတယ်။ တချို့က သူတို့မိဘတွေတောင် ဘယ်ဆီနေမှန်း မသိကြတော့ဘူး ဖြစ်နေတယ်။ နောက်သူတို့ရဲ့ ဘဝအတွက် အလုပ်အကိုင်လျှောက်ထားဖို့တောင် မှတ်ပုံတင်နဲ့ တခြားဘာအထောက်အထားမှ မရှိဘူးဖြစ်နေတယ်။ အဲဒါကြောင့် တစ်နိုင်ငံလုံးမှာရှိနေတဲ့ မိဘမဲ့ဂေဟာရှိကလေးများရဲ့ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှု မရှိရအောင် အဲဒီကလေးတွေအားလုံးကို အိမ်ထောင်စုစာရင်းနဲ့ နိုင်ငံသားကတ်လုပ်ပေးဖို့ မေးမြန်းခြင်းဖြစ်ပါတယ်” ဟု ပြောကြားသည်။

အတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြုပြီး ပေးပို့လာသော မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

▲ ရှမ်းဖုံးမှ

တပ်မတော်သားများက လမ်းပိုင်းများ၊ တံတားများကို စက်ယန္တရားကြီးများအသုံးပြုပြင်ဆင်ခြင်း လုပ်ငန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက သန့်ရှင်းရေး၊ ကျန်းမာရေးလုပ်ငန်းများကို စုပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများ မိမိနေအိမ်များသို့ ပြန်လည်ထွက်ခွာရာတွင် ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် အလှူရှင်များက လှူဒါန်းထားသည့် စားနပ်ရိက္ခာတစ်ပတ်စာကို တစ်ပါတည်း ထောက်ပံ့မှုပြုသည့်အပြင် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်သမဝါယမဦးစီးဌာနက ကြီးကြပ်၍ ရေဘေးသင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဘားအံမြို့တွင် သမဝါယမအသင်းများက အနေ့ယာဉ်လုပ်သား ၂၄ ဦးကို တစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀၊ ဈေးရောင်းသူ ၂၆၃ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ထုတ်ချေးပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ကျန်ရှိနေသည့် မြို့နယ်များတွင်လည်း ဆက်လက်စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်နယ်လွှတ်တော်အဆောက်အအုံ ဒီဇိုင်းနှင့်ပတ်သက်သည့်ဆွေးနွေးပွဲ ကချင်ပြည်နယ်တွင် ကျင်းပ

မြစ်ကြီးနား ဩဂုတ် ၇

ကချင်ပြည်နယ် လွှတ်တော် လွှတ်တော်ရုံး အဆောက်အအုံဒီဇိုင်းနှင့်ပတ်သက်၍ ဒီဇိုင်းပြိုင်ပွဲဝင်အဖွဲ့ ရှစ်ဖွဲ့အနက် ဆုရရှိသည့်အဖွဲ့ လေးဖွဲ့နှင့် ဆွေးနွေးပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ကျော်၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးညွန့်အောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မနောဓရာ ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးထက်အောင်က ပြည်နယ်လွှတ်တော်ရုံးအဆောက်အအုံဒီဇိုင်းများ ရေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒီဇိုင်းပြိုင်ပွဲဝင် ရှစ်ဦးအနက် ဆုရရှိသည့် အဖွဲ့များက မိမိရေးဆွဲထားသည့် လွှတ်တော်အဆောက်အအုံ ပုံစံနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ပေးကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဒီဇိုင်းရေးဆွဲသည့်အဖွဲ့များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အဆောက်အအုံဒီဇိုင်းပုံစံများရေးဆွဲတင်ပြသည့်အဖွဲ့များကို ကျေးဇူးတင်စကားပြောကြားကာ လွှတ်တော်ရုံးအဆောက်အအုံအတွင်း ပါဝင်ရမည့် ဒီဇိုင်းပုံစံများအတွက် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကလေးပန်းချီ၊ ပဟေဋ္ဌိနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၇

မန္တလေးမြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူးကျင်းပသည့် ကလေးပန်းချီ၊ ပဟေဋ္ဌိနှင့်စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၄ ရက်နှင့် ၆ ရက်တွင် ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ အိန္ဒိယဂေဟာ၌ ကျင်းပခဲ့သည်။

ဩဂုတ် ၄ ရက်တွင် ကလေးပန်းချီနှင့်ပဟေဋ္ဌိပြိုင်ပွဲကို သက်တမ်းအလိုက် ကျင်းပခဲ့ရာ ရေးဆွဲပြီးပန်းချီကားများကို Mandalay Art Club မှ ပန်းချီပညာရှင်များက အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၆ရက် မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ မြန်မာဘာသာဖြင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အထိလည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် အသက် ၁၆ နှစ်မှ ၂၅ နှစ်အထိလည်းကောင်း ရေးသားဖြေဆိုကြသည်။

အဆိုပါပြိုင်ပွဲ စာစီစာကုံးများအနက် မြန်မာဘာသာဖြင့် ရေးသားဖြေဆိုမှုများကို နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး) မြန်မာစာဌာနမှ ဆရာ ဆရာမများက စစ်ဆေးပေးမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖြေဆိုမှုများကို အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများသို့ ဝင်ရောက်ဖြေဆိုသူပေါင်း ၆၀၀ ကျော်ရှိကြောင်း သိရှိရပြီး ဆုရရှိကြသူများအား ဩဂုတ် ၁၅ရက်တွင် ဓမ္မသာလခန်းမ၌ ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **အေးမြ(မန်းမြေ)**

ဥပဒေ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် မည်သူမဆို ကျူးလွန်လျှင်ဖြစ်စေ၊ ပြည်ပတွင် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းအခြေစိုက်နေထိုင်သူက ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လာဘ်ပေးလာဘ်ယူမှု** ဆိုသည်မှာ လုပ်ပိုင်ခွင့် အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆွဲဆောင်ခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကို ဆိုသည်။

(ခ) **တံစိုးလက်ဆောင်** ဆိုရာတွင် လာဘ်ပေးလာဘ်ယူမှုအလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များလည်း ပါဝင်သည်။

(ဂ) **လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း** ဆိုသည်မှာ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကျင့်သုံးဆောင်ရွက်ရာမှ လာဘ်ပေးလာဘ်ယူမှုဖြင့် ငွေကြေးနှင့် ပစ္စည်းများ တိုးပွားရရှိလာခြင်းကြောင့်သော်လည်းကောင်း၊ ပေးရန်တာဝန်များ လျှော့ချခြင်းကြောင့်သော်လည်းကောင်း၊ ငွေကြေးနှင့် ပစ္စည်းများကို မတရားရယူခြင်းကြောင့်သော်လည်းကောင်း ကြွယ်ဝချမ်းသာလာခြင်းကိုဆိုသည်။

(ဃ) **အများပြည်သူဆိုင်ရာအဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအဆင့် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အများပြည်သူ ပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရဖွဲ့စည်းသည့် အများပြည်သူနှင့် သက်ဆိုင်သော ကုမ္ပဏီတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(င) **ပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ ခန့်အပ်ခံရသည်ဖြစ်စေ၊ ရွေးချယ်ခံရသည်ဖြစ်စေ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးတစ်ခုခုတွင် တာဝန်ထမ်းဆောင်သော အမြဲတမ်း သို့မဟုတ် ယာယီဝန်ထမ်းကိုလည်းကောင်း၊ အများပြည်သူဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းအပါအဝင် အများပြည်သူဆိုင်ရာ လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူကို လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းဟု သတ်မှတ်ထားသူကိုလည်းကောင်း ဆိုသည်။

(စ) **ပြည်ပပြည်သူ့ဝန်ထမ်း** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၏ ခန့်အပ်ခြင်းခံရသော သို့မဟုတ် ရွေးချယ်ခြင်းခံရသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး သို့မဟုတ် တရားစီရင်ရေးအရာရှိ၊ ပြည်ပနိုင်ငံတစ်ခု၏ လုပ်ငန်းတာဝန်တစ်ခုကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့၊ ကော်မရှင်၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြား အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်ထံတွင် အလုပ်လုပ်ကိုင်သူနှင့် အများပြည်သူနှင့်ဆိုင်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက ယင်း၏ ကိုယ်စားလုပ်ငန်းဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်ထားသူကို ဆိုသည်။

(ဆ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ ကော်မရှင်က ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူဟု အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ကြေညာခြင်းခံရသူကို ဆိုသည်။

(ဇ) **အဆင့်မြင့်အရာရှိ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ဝန်ထမ်းအကြီးအမှူးအဖြစ် တာဝန်ထမ်းဆောင်သော ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် ယင်းနှင့်အလားတူရာထူးအဆင့်ရှိသူကိုသော်လည်းကောင်း၊ နိုင်ငံတော်ပိုင် သို့မဟုတ် နိုင်ငံတော်နှင့် ပုဂ္ဂလိကဖက်စပ်ပိုင်ကုမ္ပဏီ၊ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့ဝင်၊ ဘုတ်အဖွဲ့ဝင်၊ ကော်မတီဝင် သို့မဟုတ် ယင်းနှင့် အလားတူ ရာထူးအဆင့်ရှိသူကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ရာထူးတစ်ခုခု၌ ခေတ္တတာဝန်ထမ်းဆောင်သူလည်း ပါဝင်သည်။

(ဈ) **လုပ်ပိုင်ခွင့် အာဏာရှိသူ** ဆိုသည်မှာ ရာထူးတာဝန်အရဖြစ်စေ၊ စီရင်ပိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့်အရဖြစ်စေ လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်သူ့ဝန်ထမ်း၊ ပြည်ပပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ၊ အဆင့်မြင့်အရာရှိ သို့မဟုတ် အများပြည်သူဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ်ကို ဆိုသည်။

(ည) **ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ ငွေချေးလုပ်ငန်းများ၊ ချေးငွေနှင့် ပြည်သူ့ကြွေးမြီဆိုင်ရာ စာချုပ်စာတမ်းများ၊ ငွေချေးသက်သေခံ လက်မှတ်များ သို့မဟုတ် အခြားခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ယင်းအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံမှုပြုရန် ငွေရေးကြေးရေး အရင်းအမြစ်များကိုအခြား ပုဂ္ဂိုလ်များထံမှစုစည်းလျက် ငွေကြေး သို့မဟုတ် အရင်းအနှီး ဈေးကွက်များတွင် ကြားဝင်ပေါင်းစပ်ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ နိုင်ငံတော်အတွင်း တည်ထောင်ထားသည့် အဖွဲ့အစည်းများကို ဆိုသည်။

(ဋ) **ဘဏ်လုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်း** ဆိုရာတွင် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် အသုံးပြုသော လယ်ဂျာ၊ ဘဏ်နေ့စဉ်လုပ်ငန်းစာအုပ်၊ ရငွေစာအုပ်၊ စာရင်းစာအုပ်နှင့်ဘဏ်လုပ်ငန်းတွင်အသုံးပြုသော အခြားစာအုပ်နှင့် စာတမ်းအမှတ်အသားများ၊ ကွန်ပျူတာ စာရင်းအင်းမှတ်တမ်းများ ပါဝင်သည်။

(ဌ) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် တရားဝင်ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ ဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များနှင့် နိုင်ငံခြားသုံးငွေများ၊ နိုင်ငံခြားသုံးငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(ဍ) **ပစ္စည်း** ဆိုသည်မှာ မည်သည့်ပုံစံဖြင့်မဆို ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို သော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးအမြတ်၊ အခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များလည်း ပါဝင်သည်။

(ဎ) **ကိုယ်စားလှယ်** ဆိုသည်မှာ အခြားသူတစ်ဦးဦးအတွက် အလုပ်လုပ်ကိုင်ပေးသူ သို့မဟုတ် ဆောင်ရွက်ပေးသူကို ဆိုသည်။

(ဏ) **နစ်နာသူ** ဆိုသည်မှာ သူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ခြင်းကြောင့် ထိခိုက်နစ်နာသူကို ဆိုသည်။

(တ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကိုဆိုသည်။

(ထ) **ကော်မရှင်ရုံး** ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ သတ်မှတ်ဖွဲ့စည်းသောရုံးကို ဆိုသည်။

(ဒ) **ပဏာမစိစစ်ရေးအဖွဲ့** ဆိုသည်မှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် တိုးပွားလာသည့် ငွေကြေးနှင့်ပစ္စည်းများနှင့် စပ်လျဉ်း၍ အရေးယူရာတွင်လည်းကောင်း၊ ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက်သာ ပဏာမစစ်ဆေးပြီး တင်ပြစေရန် ကော်မရှင်က ဖွဲ့စည်းပေးသည့်အဖွဲ့ကို ဆိုသည်။

(ဓ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာကော်မရှင်က ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ လာဘ်ပေးလာဘ်ယူမှု စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ဆိုသည်။

(န) **စစ်ဆေးရေးမှူးချုပ်** ဆိုသည်မှာ ကော်မရှင်ရုံး၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ပ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ကော်မရှင်ရုံး၊ စစ်ဆေးရေးမှူးချုပ်၏လက်အောက်ရှိ တာဝန်ခံပြည်သူ့ဝန်ထမ်း အဆင့်ဆင့်ကို ဆိုသည်။

(ဖ) **ဤဥပဒေအရ ပြစ်မှု** ဆိုသည်မှာ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်၍ တစ်စုံတစ်ရာ ပူးပေါင်းကြံစည်မှု သို့တည်းမဟုတ် အားထုတ်မှု သို့တည်းမဟုတ် အားပေးကူညီမှုများ ပါဝင်သည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊

(ခ) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရန်၊

(ဂ) အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊

(ဃ) လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊

(င) လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်၊

(စ) တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်။

အခန်း (၃)

ကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ကော်မရှင်ဖွဲ့စည်းခြင်း

၅။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် သတ်မှတ်ထားသောအရည်အချင်းများနှင့် ပြည့်စုံသည့် အဖွဲ့ဝင် ၅ ဦးစီကို ရွေးချယ်ရမည်။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မိမိတို့ရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၇။ (က) နိုင်ငံတော်သမ္မတသည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်ထားသည့် အဖွဲ့ဝင်စုစုပေါင်း ၁၅ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ထိုအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ရွေးချယ်ခန့်အပ်ရန် အဖွဲ့ဝင်နှစ်ဦး၏ အမည်များကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး သဘောတူညီချက်ရယူ၍ ကော်မရှင်ကို ဖွဲ့စည်းရမည်။ ကော်မရှင်အဖွဲ့ဝင်၏ အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။

(ခ) ကော်မရှင်သည် နိုင်ငံတော်သမ္မတကို တာဝန်ခံရမည်။

၈။ (က) ကော်မရှင်နှင့် ကော်မရှင်၏ သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်း ဖြစ်သည်။

(ခ) ကော်မရှင်သည် ကော်မရှင်အဖွဲ့အသစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်အဖွဲ့ဝင်များသည် သက်တမ်းနှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

၉။ ကော်မရှင်အဖွဲ့ဝင် အသီးသီးသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံသားဖြစ်သူ၊

(ခ) အသက် ၄၅ နှစ်ပြည့်ပြီး အသက် ၇၀ နှစ်ထက်မကြီးသူ၊

(ဂ) နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိရွေးချယ်ပေးခွင့်ရှိသူများသည် တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသူအဖြစ် ယူဆခြင်းခံရသူ။

၁၀။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုရ -

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရခြင်း၊

(ဂ) သာသနာ့ဝန်ထမ်းဖြစ်ခြင်း၊

(ဃ) တရားရုံးတစ်ရုံးရုံး၏ အမိန့်အရ ထောင်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊

(င) ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆန္ဒမဲပေးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်မရှိသူဟု သတ်မှတ်ခံထားရသူဖြစ်ခြင်း၊

(စ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခြင်းခံထားရသူ ဖြစ်ခြင်း၊

(ဆ) လာဘ်ပေးလာဘ်ယူမှုဖြင့် အရေးယူခံရခြင်း သို့မဟုတ် ရာထူးတစ်ခုခုမှထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးတစ်ခုခုမှ ထုတ်ပစ်ခြင်းခံထားရသူ ဖြစ်ခြင်း။

၁၁။ ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူသည် -

(က) အစိုးရလစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတစ်မျိုးမျိုးရရှိသည့် ရာထူး သို့မဟုတ် တာဝန်တစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ မဖြစ်စေရ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ၏စီးပွားရေးလုပ်ငန်း၊ ဘုတ်၊ ကော်ပိုရေးရှင်း၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်း မဖြစ်စေရ၊

(ဂ) အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် အဖွဲ့အစည်းတွင် အကျိုးအမြတ် သို့မဟုတ် ဝင်ငွေခွဲဝေရယူရန် လုပ်ကိုင်ခြင်းမပြုရ သို့မဟုတ် တစ်စုံတစ်ဦး၏ဝန်ထမ်း မဖြစ်စေရ။

၁၂။ ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးသည် အောက်ပါအကြောင်းအရာ တစ်ခုခုဖြစ်ပေါ်သည့်အခါ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည် -

(က) ကွယ်လွန်ခြင်း၊

ဥပဒေ

(ခ) ကော်မရှင်၏ သက်တမ်းကုန်ဆုံးခြင်း၊

(ဂ) မိမိ၏ ဆန္ဒအလျောက် နုတ်ထွက်ခြင်း၊

(ဃ) ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ အချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ကြောင်းပေါ်ပေါက်ခြင်း၊

(င) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်ရန်သင့်လျော်မှုမရှိကြောင်း တွေ့ရခြင်း၊

(စ) တရားရုံး တစ်ရုံးရုံး၏ အမိန့်အရ ထောင်ဒဏ်ကျခံရခြင်း။

၁၃။ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်တွင် တာဝန်ပေးအပ်ခြင်းခံရသည့်အခါတွင် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည်။

တာဝန်မှရပ်စဲခြင်း

၁၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသောအခြေအနေ တစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ ယင်းကော်မရှင်အဖွဲ့ဝင်ကို ရွေးချယ်ပေးသော ပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်စဲနိုင်သည်။

ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ ကော်မရှင်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပဏာမ စိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း၊ လိုအပ်ပါက အဆိုပါလုပ်ငန်းကော်မတီနှင့်အဖွဲ့တစ်ခုခုကို ကော်မရှင်၏ လုပ်ငန်းတာဝန်များလွှဲအပ်တာဝန်ပေးခြင်း၊ ယင်းလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စစ်ဆေးရေးမှူးချုပ် ခန့်အပ်ရန် နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း၊

(င) လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့ထံ တင်ပြခြင်း၊

(စ) ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့်အာဏာရှိသူ အမျိုးအစားနှင့် ရာထူး၊ တာဝန်အဆင့်သတ်မှတ်ခြင်း၊

(ဆ) လုပ်ပိုင်ခွင့်အာဏာရှိသူကတင်ပြသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ မှန်ကန်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း၊

(ဇ) နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံ သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊

(ဈ) လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများက လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များ ရေးဆွဲရာတွင် အကြံဉာဏ်ပေးခြင်း၊

(ည) လာဘ်ပေးလာဘ်ယူမှု တားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးတို့တွင် ပြည်သူအများပါဝင်နိုင်ရေးအတွက် သင့်လျော်သော အစီအမံများချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဋ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာန၊ အဖွဲ့အစည်းများ၏ အရာထမ်း၊ အမှုထမ်းများအား ကော်မရှင်၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တာဝန်ပေးဆောင်ရွက်စေခြင်း၊

(ဌ) တိုင်ကြားစာများကို စိစစ်၍လက်ခံခြင်း၊ မမှန်မကန် တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ချခြင်းနှင့် မမှန်မကန်တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်း၊

(ဍ) လာဘ်ပေးလာဘ်ယူမှုနှင့် စပ်လျဉ်း၍ အဆောက်အအုံ နေရာတစ်ခုခုအတွင်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးမှူးများအား တာဝန်ပေးအပ်ခြင်း၊

(ဎ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ကပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၁၇။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းတစ်စုံတစ်ရာကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရန်ညွှန်ကြားခြင်း၊ သိမ်းဆည်းထားသော သက်သေခံပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းခြင်း၊

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ စုံစမ်းစစ်ဆေးသောကိစ္စနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခွင့်ပြုရန် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့်ခြင်း၊

(ဂ) ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း သက်သေခံအဖြစ် အသုံးပြုနိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကိုပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊

(ဃ) ပုဒ်မခွဲ(ခ)အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ(ဂ)အရ ထုတ်ဆင့်သည့် တားမြစ်မိန့်နှင့် ချိပ်ပိတ်ထားရန် ညွှန်ကြားချက်တို့ကိုလည်းကောင်း ရုပ်သိမ်းခြင်း၊

(င) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သင့်လျော်သည့် ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေအရဖွဲ့စည်းသည့် ပဏာမစိစစ်ရေးအဖွဲ့၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များက ဆင့်ဆို၍ လာရောက်သည့် သက်သေများအတွက် သက်သေစရိတ်နှင့် ခရီးစရိတ်တို့ကို တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးခြင်း၊

(ဆ) စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးအား -

(၁) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို လုပ်ပိုင်ခွင့်အာဏာရှိသူကကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် တရားစွဲဆိုစေခြင်း၊

(၂) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားသူတစ်ဦးဦးက ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား သက်ဆိုင်ရာစီရင်ပိုင်ခွင့် ရှိသည့် တရားရုံးတွင် တရားစွဲဆိုစေခြင်း။

(ဇ) ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြချက်ကို ထပ်မံစိစစ်ပြီးနောက်လုပ်ပိုင်ခွင့် အာဏာရှိသူ တစ်ဦးဦး၏ငွေကြေးနှင့် ပစ္စည်းများမှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုဖြစ်ကြောင်း တွေ့ရှိပါက ထိုသူပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်း၊

(ဈ) လာဘ်ပေးလာဘ်ယူမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူအား လိုအပ်သောအကာအကွယ်ပေးခြင်းနှင့် သတ်မှတ်သော ဆုငွေချီးမြှင့်ခြင်း။

တရားစွဲဆိုခြင်း

၁၈။ ကော်မရှင်သည် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိသော အခြားခိုင်လုံသည့် သတင်းအချက်အလက်အရဖြစ်စေ -

(က) လုပ်ပိုင်ခွင့် အာဏာရှိသူတစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ ထိုသူအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ တရားစွဲဆိုနိုင်ရေးအတွက်စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ်အား ညွှန်ကြားရမည်။

(ခ) လုပ်ပိုင်ခွင့် အာဏာရှိသူတစ်ဦးဦးမှအပ အခြားသူ တစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း တွေ့ရှိသည့်အခါ ထိုသူအား သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တရားစွဲဆိုနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေး အဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ်အား ညွှန်ကြားရမည်။

အခန်း (၄)
လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၁၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းအချက်အလက်အရဖြစ်စေ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများ မှန်ကန်ကြောင်း ခိုင်လုံသည့် အထောက်အထားရရှိပါက သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ စိစစ်တင်ပြနိုင်ရေးအတွက် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ကိစ္စရပ်အလိုက် ဖွဲ့စည်းရမည်။

၂၀။ ပဏာမစိစစ်ရေးအဖွဲ့သည်-

(က) ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေးခြင်းခံရသူအားအကြောင်းကြားပြီး ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ခုခံချေပခွင့်ပေးရမည်။

(ခ) ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်သည့် ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် ထွက်ဆိုချက်နှင့် သက်သေခံချက်များ ရယူနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ သို့မဟုတ် ကော်မရှင်ကရရှိသော သတင်းအချက်အလက်နှင့်ခုခံချေပချက်တို့ကိုသုံးသပ်ပြီး မိမိ၏တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ စိစစ်တွေ့ရှိချက် အစီရင်ခံစာကိုကော်မရှင်သို့ တင်ပြရမည်။

(ဃ) စိစစ်ချက်နှင့် စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

အခန်း (၅)
စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၂၁။ ကော်မရှင်သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားဥပဒေအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးစေခြင်း ပြုနိုင်သည် -

(က) နိုင်ငံတော်သမ္မတက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

(ခ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံရေး ရာထူး လက်ရှိဖြစ်သူတစ်ဦးကို အရေးယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အဆိုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်း၊

(ဂ) လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူအပေါ် ဥပဒေအရ အရေးယူပေးပါရန် နစ်နာသူက -

(၁) ကော်မရှင်သို့ တိုင်ကြားခြင်း၊

(၂) ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ တိုင်ကြားခြင်း၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါတိုင်ကြားချက်ကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်း။

၂၂။ ကော်မရှင်သည် အောက်ပါကိစ္စများကို စုံစမ်းစစ်ဆေးခြင်းမပြုရ-

(က) တိုင်ကြားသည့်ကိစ္စသည် ကော်မရှင်က စုံစမ်းစစ်ဆေးပြီးသောကိစ္စဖြစ်ခြင်း၊

(ခ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း၊

(ဂ) ထပ်မံတိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက် အသစ် မပါရှိခြင်း။

၂၃။ ကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကခေါင်းဆောင်၍ သင့်လျော်သော နိုင်ငံသားများ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၂၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ မပါဝင်စေရ-

(က) စွပ်စွဲတိုင်တန်းသည့် အကြောင်းအရာတွင် အကျိုးသက်ဆိုင်သူ၊

(ခ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူအပေါ် မလိုမုန်းတီးသူ၊

(ဂ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် ဆွေမျိုးတော်စပ်သူ၊

(ဃ) စွပ်စွဲတိုင်ကြားသူ သို့မဟုတ် စွပ်စွဲတိုင်ကြားခံရသူနှင့် လုပ်ငန်းဆက်စပ် လုပ်ကိုင်နေသူ။

၂၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် စွပ်စွဲတိုင်တန်းခံရသူအား စွပ်စွဲချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရန်၊ သက်သေခံချက်တင်ပြရန် သို့မဟုတ် သက်သေတင်ပြရန် ကာလသတ်မှတ်၍ အကြောင်းကြားရမည်။

၂၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့ကပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတွင် စွပ်စွဲခံရသူသည် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ထုချေရှင်းလင်းနိုင်သည်။

၂၇။ (က) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အခါ ကော်မရှင်ဥက္ကဋ္ဌထံ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ တင်ပြရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မခွဲ (က)အရ တင်ပြသော အစီရင်ခံစာရရှိပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ယင်းစုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ရန် ကော်မရှင်အစည်းအဝေး ခေါ်ယူကျင်းပရမည်။

၂၈။ ကော်မရှင်သည်-

(က) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ -

(၁) စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထားမပေါ်ပေါက်ဟုယူဆပါက စွပ်စွဲတိုင်တန်းချက်ကို ပယ်နိုင်သည်။

(၂) စွပ်စွဲခံရသူသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုယူဆပါက တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးပြီး ထိုသူအား သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးမှူးကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(၃) ပုဒ်မခွဲငယ်(၂)အရ တရားစွဲဆိုရန်ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ ဆောလျင်စွာ အသိပေးတင်ပြရမည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး ပုဂ္ဂိုလ်တစ်ဦးဦးသည် လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုဖြစ်ကြောင်း တွေ့ရှိပါက ဤဥပဒေအခန်း(၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ တာဝန်ပေးပြီး စိစစ်တွေ့ရှိချက် အစီရင်ခံစာ တင်ပြစေရမည်။

(ဂ) နောက်ထပ်သက်သေခံချက်များ စုံစမ်းရယူသင့်သည်ဟု ယူဆပါက ယင်းအစီရင်ခံစာတင်ပြသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

၂၉။ ကော်မရှင်က စွပ်စွဲခံရသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်သည့် ကိစ္စ၌လည်းကောင်း၊ ပဏာမစိစစ်ရေးအဖွဲ့ဖြင့် စိစစ်ရန် ဆုံးဖြတ်သည့်ကိစ္စ၌လည်းကောင်း၊ စွပ်စွဲခံရသူမှာ လုပ်ပိုင်ခွင့်အာဏာရှိသူဖြစ်လျှင် ကော်မရှင်က ထိုသို့ဆုံးဖြတ်သည့်နေ့ရက်မှစ၍ ထိုစွပ်စွဲခံရသူအား ယင်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေခြင်းမပြုရ။

၃၀။ ကော်မရှင်သည် -

(က) လုပ်ပိုင်ခွင့်အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့် ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏ အစီရင်ခံစာကို ပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) အရ တာဝန်ပေးသည့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်ကြားသော နစ်နာသူထံသို့လည်းကောင်း၊ ထိုသူအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီအစဉ်အရ ဆက်လက်အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လည်းကောင်း ပေးပို့ရမည်။

(ခ) စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ယူဆပါက ယင်း၏ ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားရမည်။

၃၁။ ကော်မရှင်က စွပ်စွဲချက်အပေါ် စုံစမ်းစစ်ဆေးနေစဉ်အတွင်း စွပ်စွဲခံရသူသည် ရာထူးစွန့်လွှတ်သွားပြီးဖြစ်သော်လည်း ဥပဒေကြောင်းအရ ဆက်လက်အရေးယူရန်သော်လည်းကောင်း၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ အရေးယူရန်သော်လည်းကောင်း၊ နိုင်ငံတော်ကသက်ဆိုင်ရာငွေကြေး၊ ပစ္စည်းများကို သိမ်းယူနိုင်ရန်သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုကို အပြီးသတ်ပြုလုပ်နိုင်သည်။

၃၂။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ကော်မရှင်က ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းရန် လိုအပ်သည်ဟု ယူဆလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးတစ်ဦးဦးအား ဘဏ်တစ်ခုခုရှိ စွပ်စွဲခံရသူနှင့် သက်ဆိုင်သော ဘဏ်စာရင်းများကို စုံစမ်းစစ်ဆေးရန် အောက်ပါလုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်သည်-

(က) ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခုခု၏ လက်ဝယ်တွင်ဖြစ်စေ၊ ယင်း၏ထိန်းသိမ်းမှုအောက်တွင်ဖြစ်စေ ရှိသော ဘဏ်လုပ်ငန်းဆိုင်ရာ စာအုပ်စာတမ်း၊ ဘဏ်စာရင်း သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကို စစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း၊

(ခ) အစုရှယ်ယာစာရင်း၊ အဝယ်စာရင်း၊ အသုံးစရိတ်စာရင်း သို့မဟုတ် သူတစ်ဦးဦးက ဘဏ်တွင်ဖွင့်လှစ်ထားသော ငွေထုတ်စာရင်းတစ်ခုခုကို စစ်ဆေးခြင်း၊ မိတ္တူကူးယူခြင်း၊

(ဂ) ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုတွင် ရှိသော အာမခံသေတ္တာ တစ်ခုခုတွင် ထည့်သွင်းထားရှိသည်များကို စစ်ဆေးခြင်း၊

(ဃ) ပုဒ်မခွဲ (က) (ခ) နှင့် (ဂ) တို့နှင့်သက်ဆိုင်သော စာတမ်းအမှတ်အသား၊ စာရင်းနှင့် ပစ္စည်းတစ်ခုခုနှင့် သက်ဆိုင်သည့် အခြားသတင်းအချက်အလက်များအား မေးမြန်းစစ်ဆေးခြင်း။

၃၃။ ပုဒ်မ ၃၂ အရ လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးသည် အောက်ပါအခြေအနေများတွင် မိမိစုံစမ်းစစ်ဆေးရသော စာအုပ်၊ စာတမ်း အမှတ်အသား၊ စာရင်း၊ ငွေစသည်တို့ကို သိမ်းဆည်းနိုင်သည် -

(က) ယင်းတို့ကို မသိမ်းဆည်းဘဲ စစ်ဆေးမှု၊ မိတ္တူကူးယူမှု သို့မဟုတ် အနှစ်ချုပ်ထုတ်ယူမှု မပြုနိုင်ခြင်း၊

(ခ) ယင်းတို့ကို မသိမ်းဆည်းပါက သက်သေခံဖျောက်ဖျက်မှုပြုနိုင်ခြင်း၊

(ဂ) ဤဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲတရားဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရာတွင် ယင်းတို့ကို သက်သေခံအဖြစ်တင်ပြရန် လိုအပ်ခြင်း။

၃၄။ (က) ကော်မရှင်သည် ဤဥပဒေပါ အရေးယူမည့် ပြစ်မှုတစ်ခုခုနှင့်အကျုံးဝင်သည့် သို့မဟုတ် ယင်းအမှုတွင် သက်သေခံအဖြစ်တင်ပြမည့် ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းတစ်ခုခု အပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုသည် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ လက်ဝယ်တွင်ရှိကြောင်း သို့မဟုတ် ယင်း၏ ထိန်းကွပ်မှုအောက်တွင်ရှိကြောင်း သတင်းရရှိပြီး၊ ယင်းသတင်းအပေါ် ယုံကြည်သည့်အခါ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်၏အမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုသည့်အချိန်အထိ ယင်းပစ္စည်းကိုဖြစ်စေ၊ ယင်းပစ္စည်း၏ အစိတ်အပိုင်း တစ်ရပ်ရပ်ကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုခွဲခြင်း၊ လွှဲပြောင်းခြင်းမပြုရန် အမိန့်ထုတ်နိုင်သည်။

စာမျက်နှာ ၁၀ သို့

ဥပဒေ

စာမျက်နှာ ၉ မှ

(ခ) ပုဒ်မခွဲ(က)ပါ အမိန့်ကိုလိုက်နာဆောင်ရွက်သည့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် ဝန်ထမ်းအားပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခွင့် မရှိစေရ။

၃၅။ ကော်မရှင်သည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းနှင့် အကျုံးဝင်သည့် ငွေကြေး၊ ပစ္စည်းတစ်ခုခုကို ပြည်ပဘဏ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံတွင် ထားရှိကြောင်း သို့မဟုတ် အပ်နှံထားကြောင်း ယုံကြည်သည့်အခါ ထိုပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

အခန်း (၆)
ကော်မရှင်ရုံးဖွဲ့စည်းခြင်း

၃၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၃၇။ နိုင်ငံတော်သမ္မတသည် ကော်မရှင်၏အကြံပြုချက်အရ စစ်ဆေးရေးမှူးချုပ်ကို ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ ခန့်အပ်ရမည်။

စစ်ဆေးရေးမှူးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၈။ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်ကိုတာဝန်ခံပြီး ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၃၉။ စစ်ဆေးရေးမှူးချုပ်သည် ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ ကော်မရှင်ရုံးကို ညွှန်ကြားခြင်း၊ ထိန်းကွပ်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

၄၀။ စစ်ဆေးရေးမှူးချုပ်သည် မိမိ၏လုပ်ငန်းတာဝန်ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

စစ်ဆေးရေးမှူး၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များ

၄၁။ စစ်ဆေးရေးမှူးသည် ကော်မရှင်၏တာဝန်ပေးအပ်ချက်အရ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သတင်းပေးချက်နှင့် တိုင်ကြားချက်များကို လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ခြင်း၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းတို့နှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊

(ဂ) လာဘ်ပေးလာဘ်ယူမှု ပေါ်ပေါက်စေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ သဘောသဘာဝ၊ စနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို စစ်ဆေးခြင်း၊ ယင်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ပြုပြင်နိုင်ရန် ကော်မရှင်သို့ ထောက်ခံတင်ပြခြင်း၊

(ဃ) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဆောင်ရွက်နေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းက မေတ္တာရပ်ခံလျှင် အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း၊

(င) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ အကြီးအမှူးများအား ကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ အကြံပြုခြင်း၊

(စ) မိမိ၏စုံစမ်းထောက်လှမ်းတွေ့ရှိချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးအတွက် အများပြည်သူကို အသိပညာပေးခြင်း၊

(ဇ) ကော်မရှင်ကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၂။ ကော်မရှင်အဖွဲ့ဝင်၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်နှင့် စစ်ဆေးရေးမှူးများသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရဲအရာရှိတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များ ရရှိစေရမည်။

အခန်း (၇)
လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ သတင်းပေးဆောင်ရွက်ခြင်း

နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ခြင်း

၄၃။ (က) နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လာဘ်ပေးလာဘ်ယူမှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတင်ပြရန်ကော်မရှင်ကို တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ တစ်ဦးဦးအပေါ် လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့် အလွဲသုံးစားမှုပြုခြင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်သို့ အဆိုတင်ပြခွင့်ရှိသည်။

(ဂ) သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌသည် -

(၁) ပုဒ်မခွဲ (ခ)ပါတင်ပြချက်ကို လက်ခံရရှိသည့်အခါ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး တင်ပြရန် ကော်မရှင်ကို တာဝန်ပေးအပ်ရမည်။

(၂) ကော်မရှင်၏တင်ပြချက်အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူတစ်ဦးဦးမှာ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာကြောင်း၊ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကြောင်း သို့မဟုတ် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း တွေ့ရှိပါက ထိုသူအား သက်ဆိုင်ရာက ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် အကြောင်းကြားရမည်။

နစ်နာသူက သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း

၄၄။ လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ လုပ်ပိုင်ခွင့် အာဏာရှိသူ တစ်ဦးဦးက လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုကြောင့် နစ်နာသူက သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၄၅။ ပုဒ်မ ၄၄ အရ သတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်တို့ကိုရရှိသော ကော်မရှင်ရုံး၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် ထိုသတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ထိရောက်စွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုပြုနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

၄၆။ ပုဒ်မ ၄၄ အရ သတင်းပေးပို့ချက် သို့မဟုတ် တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်းပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်။

အခန်း (၈)
လုပ်ပိုင်ခွင့် အာဏာရှိသူက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကြေညာခြင်း

၄၇။ ကော်မရှင်သည် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကြေညာချက်ပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှတောင်းခံ၍ စိစစ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၄၈။ ပုဒ်မ ၄၇ အရ ကြေညာချက်ပေးပို့ရန် တာဝန်ရှိသောလုပ်ပိုင်ခွင့်အာဏာရှိသူများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ တစ်နှစ်လျှင် တစ်ကြိမ် ကြေညာချက်များ ပေးပို့တင်ပြရမည်။

၄၉။ လုပ်ပိုင်ခွင့် အာဏာရှိသူများသည် ကြေညာလွှာပေးပို့ရာတွင် -

(က) မိမိ၏ငွေကြေးနှင့် ပစ္စည်းများကို မည်သို့ မည်ပုံ ပိုင်ဆိုင်ကြောင်း အထောက်အထား မိတ္တူ ပူးတွဲတင်ပြရမည်။

(ခ) ပစ္စည်းများ လွှဲပြောင်းရောင်းချခြင်းရှိပါက ရောင်းချရငွေမှ ဝင်ငွေခွန်ထမ်းဆောင်ထားလျှင် ထိုသို့ ထမ်းဆောင်ထားသည့် အထောက်အထား စာရွက်စာတမ်းမိတ္တူ ပူးတွဲတင်ပြရမည်။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)ပါ ငွေကြေးနှင့် ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း အထောက်အထားအပြင် ပြည်တွင်း၊ ပြည်ပမှရရှိသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းကို ပူးတွဲတင်ပြရမည်။

၅၀။ ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့်ရရန်ပိုင်ခွင့်များ စာရင်းကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူ ကွယ်လွန်သည့်အခါ ထိုသူ၏အမွေဆက်ခံသူ၊ တရားဝင်ကိုယ်စားလှယ် သို့မဟုတ် ပစ္စည်းထိန်းက ထိုကွယ်လွန်သူ ပိုင်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများ၏စာရင်းကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ကြေညာလွှာတင်ပြရမည်။

အခန်း (၉)
လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း

၅၁။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းကြောင့် လုပ်ပိုင်ခွင့် အာဏာရှိသူတစ်ဦးဦးက ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်တင်ပြရန် ပဏာမစိစစ်ရေးအဖွဲ့ကို တာဝန်ပေးအပ်ရမည်။

၅၂။ ကော်မရှင်၏ တာဝန်ပေးချက်အရ ပဏာမစိစစ်ရေးအဖွဲ့သည် ဤဥပဒေနှင့်အညီ လိုအပ်သောသက်သေခံချက်များရယူပြီး အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မရှင်သို့ တင်ပြရမည်။

၅၃။ ကော်မရှင်သည် ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြသည့် စိစစ်တွေ့ရှိချက် အစီရင်ခံစာကိုစိစစ်ပြီး အဆိုပါ ငွေကြေးနှင့် ပစ္စည်းများသည် -

(က) လာဘ်ပေးလာဘ်ယူမှုဖြင့် ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်လျှင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။

(ခ) ဥပဒေနှင့်ညီညွတ်သော နည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း လုပ်ပိုင်ခွင့်အာဏာရှိသူက သက်သေထင်ရှားပြနိုင်လျှင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ယင်းအား ပြန်လည်ပေးအပ်ရမည်။

၅၄။ ကော်မရှင်သည် သက်သေခံအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းခံရသူ မဟုတ်သော အခြားသူတစ်ဦးဦးက သဘောရိုးဖြင့် တရားဝင်လွှဲပြောင်း ရယူထားပြီးဖြစ်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်ပါက ထိုအခြားသူအား ပြန်လည်ထုတ်ပေးရမည်။

အခန်း (၁၀)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၅။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ မည်သူမဆို လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၆။ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ မည်သူမဆို လာဘ်ပေးလာဘ်ယူမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၇။ နိုင်ငံရေးရာထူးလက်ရှိ ဖြစ်သူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြား မည်သူမဆို လာဘ်ပေးလာဘ်ယူမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ငွေကြေးနှင့် ပစ္စည်းများအပေါ် အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၉။ မည်သူမဆို ခိုင်လုံသောအကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာသည်ဟုသော်လည်းကောင်း၊ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်တန်းခြင်း သို့မဟုတ် မမှန်မကန် သက်သေခံခြင်း၊ မမှန်မကန် သက်သေခံဖန်တီးခြင်းပြုကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးအား ထိုသို့ တစ်ခုခုပြုလုပ်စေရန် ခိုင်းစေခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၀။ မည်သူမဆို ကော်မရှင် သို့မဟုတ် ကော်မရှင်က လွှဲအပ်တာဝန်ပေးအပ်သည့် အဖွဲ့အစည်းတစ်ခုခုက ထုတ်ဆင့်သည့်အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၁။ မည်သည့်လုပ်ပိုင်ခွင့်အာဏာရှိသူမဆို ဤဥပဒေအရ ကော်မရှင်က သတ်မှတ်သည့် အချိန်ကာလအတွင်း ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်ဆိုင်ရာ အထောက်အထားများကိုတင်ပြရန် တမင်ပျက်ကွက်ကြောင်း သို့မဟုတ် ယင်းအထောက်အထားများကို မမှန်မကန်တင်ပြကြောင်း သို့မဟုတ် အချက်အလက်များကို ထိန်ချန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၂။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုမှ တာဝန်ရှိသူ မည်သူမဆို ဤဥပဒေပါ ပြစ်မှုနှင့်စပ်လျဉ်း၍ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ယင်းပြုလုပ်မှုတစ်ရပ်ရပ်အတွက် ထိုသူကို ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကော်မရှင်၏ တာဝန်ပေးအပ်ချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့က တရားဝင် တာဝန်ထမ်းဆောင်ခြင်းကို ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကော်မရှင်က တားမြစ်မိန့်ထုတ်ဆင့်ထားသော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခုရှိ ငွေကြေးနှင့် ပစ္စည်းများကို ကော်မရှင်၏ ခွင့်ပြုမိန့်မရှိဘဲ ထုတ်ပေးခြင်း၊ လွှဲပြောင်းခြင်း၊

(ဂ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ကော်မရှင်၏ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း။

၆၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ၊ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၁)
အထွေထွေ

၆၄။ စုံစမ်းစစ်ဆေးခြင်းခံရသူသည် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင် မည်သို့ရရှိကြောင်း သို့မဟုတ် မည်သည့် ဝင်ငွေဖြင့် ရရှိကြောင်းကို ခိုင်လုံသောအထောက်အထားများဖြင့် သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။

၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် တာဝန်ပေးအပ်ခြင်းခံရသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စုံစမ်းစစ်ဆေးရေးမှူးသည် -

(က) နိုင်ငံရေးရာထူးလက်ရှိဖြစ်သူကို တရားစွဲဆိုရန်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မရှင်က ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်ကို တရားစွဲဆိုရန်ဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ဂ) နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လွှတ်တော်ကိုယ်စားလှယ်မှအပ အခြားသူတစ်ဦးဦးကို တရားစွဲဆိုရန်ဖြစ်ပါက ကော်မရှင်က ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၆၆။ ဤဥပဒေအရ တရားစွဲဆို တင်ပို့ထားသော လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သည့်သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၆၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘောရိုးဖြင့်ဆောင်ရွက်သော ကော်မရှင်အဖွဲ့ဝင်၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်၊ စစ်ဆေးရေးမှူး၊ လုပ်ငန်းအဖွဲ့ဝင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများကိုလည်းကောင်း၊ ကော်မရှင်၊ ပဏာမစိစစ်ရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ကော်မရှင်ရုံး ဝန်ထမ်းတစ်ဦးဦး၏ကိုယ်စား ဆောင်ရွက်သူများကိုလည်းကောင်း တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ အခြားအမှုအခင်း တစ်စုံတစ်ရာဖြင့်ဖြစ်စေ အရေးယူခြင်း မရှိစေရ။

၆၈။ လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေး အရေးယူခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၆၉။ ဤဥပဒေအရ အရေးယူပိုင်ခွင့်ရှိသည့်ပြစ်မှုများအား ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၀။ ကော်မရှင်အဖွဲ့ဝင်များ၊ ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများ ဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ ကော်မရှင်နှင့် ဤဥပဒေအရဖွဲ့စည်းသည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ ပဏာမစိစစ်ရေးအဖွဲ့များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ အသုံးစရိတ်များ၊ ကော်မရှင်ရုံး၏အသုံးစရိတ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာငွေ ခွဲဝေ လျာထားပေးရမည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်-

(က) ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ (ဥပဒေအမှတ် ၆၇/၄၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

○ ကျောဖုံးမှ

မေးခွန်း အပေါ် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက "ပြောရရင်တော့ ကျွန်တော်တို့အပေါ် ယုံကြည်မှု အရှိဆုံးအဖွဲ့က အမြန်ဆုံးပန်းဝင်မှာပါ" ဟုပြောကြားသည်။

အမျိုးသားအဆင့် ငြိမ်းချမ်းရေး ညီလာခံကျင်းပနိုင်ရေးအတွက် အချိန်ကာလ သတ်မှတ်ချက် မေးခွန်းနှင့် စပ်လျဉ်း၍ "အခု ကျွန်တော်တို့လမ်းပြမြေပုံ မူဘောင်ရေးဆွဲနေတယ်။ သူတို့ကလည်းဆွဲတယ်၊ ကျွန်တော်တို့ကလည်းဆွဲတယ်။ အဲဒီဆွဲနေတဲ့အပေါ် ကျွန်တော်တို့ ပြန်ညှိမှာပေါ့။ အားလုံးအတည်ရပြီဆိုရင်အဲဒီ Framework အတိုင်း ဆက်လုပ်မှာပေါ့။ အဲဒါဆိုရင် အမျိုးသားအဆင့် ငြိမ်းချမ်းရေး ညီလာခံကြီး စတင်ကျင်းပလို့ ရသွားပြီပေါ့၊ ဒါကို ကျွန်တော်တို့ ညှိနေကြတယ်။ တော်တော်များများလည်း အားလုံးက ရေးပြီးနေကြပြီ။ ဒါကို ပြန်ပြီးညှိဖို့ပဲ ကျန်ပါတယ်။ ဒါကို ဆက်လုပ်သွားပါမယ်" ဟု ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်နေမှုနှင့် စပ်လျဉ်းပြီး "ကျွန်တော်အလွန်ဝမ်းသာတယ်။ ပီတိဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငြိမ်းချမ်းရေးရဲ့ အရသာဟာ ခံစားတတ်တဲ့သူမှ သိတာပါ။ မငြိမ်းချမ်းတဲ့ဒေသမှာ နေခဲ့တဲ့သူက အသိဆုံးပဲပေါ့။ ကျွန်တော်တို့ဘဝ တစ်လျှောက်လုံးက မငြိမ်းချမ်းတဲ့ ဒေသတွေမှာ နေခဲ့ရတယ်၊ အဲဒီတော့ ငြိမ်းချမ်းရေးရဲ့ အရသာကို အသိဆုံးပဲ ဖြစ်တာပေါ့၊ ငြိမ်းချမ်းသွားမယ်ဆိုရင် ကျွန်တော်တို့အတွက် ဒီပီတိက ဘာနဲ့မှုလဲလို့မရတဲ့ ပီတိလို့ပြောလို့ရမှာ ဖြစ်ပါတယ်" ဟု ဆိုသည်။

ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲက "ဒါဟာ မြန်မာနိုင်ငံထဲမှာ ၂၅ နှစ်အတွင်း ပထမဆုံးစပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နှစ်ဖက် ပထမဆုံး တရားဝင်ဆွေးနွေးပွဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ အခြေခံနိုင်ငံရေးပြဿနာနှစ်ရပ်ဖြစ်တဲ့ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားရေးရာကိစ္စရပ်တွေကို ကျွန်တော်တို့ အတတ်နိုင်ဆုံး တိုင်းပြည်ရဲ့ လိုအပ်ချက်တွေအတွက် ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား တင်ပြခဲ့ပါတယ်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း။

ဒီအခြေခံအဆင့်မှာ လက်ရှိလိုအပ်နေတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို သွားဖို့ဆိုရင် အပစ်အခတ်ရပ်စဲရေးဟာ ပဏာမအဆင့်ဆိုတာ ကျွန်တော်တို့ လက်ခံပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်လက်ကျင်းပပေးဖို့ နှစ်ဖက် ဆက်လက်ဆွေးနွေးဖို့လည်း သဘောတူခဲ့ပါတယ်။ အခုက ပဏာမ အပစ်အခတ်ရပ်စဲရေး အဆင့် လက်မှတ်ရေးထိုးပွဲဖြစ်ပါတယ်။ လာမယ့် ဩဂုတ်လ ၁၀ ရက်မှာ တစ်နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားပါမယ်။

ပဋိပက္ခတွေ အဆုံးသတ်ချင်ရင် အကောင်းဆုံးက ဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းပါပဲ။ သို့သော်လည်း တစ်ဖွဲ့တည်းနဲ့တော့ ပြီးမှာမဟုတ်ပါဘူး။ နှစ်ဖွဲ့တည်းနဲ့လည်း ပြီးမှာမဟုတ်ပါဘူး၊ ဒီတော့ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ အစိုးရ၊ တပ်မတော်၊ နောက်တစ်ခုက နိုင်ငံရေးပါတီတွေ၊ လက်နက်ကိုင် တိုင်းရင်းသားအင်အားစုတွေ စသည်ဖြင့် ဒီအင်အားစုတွေ အားလုံးပါဝင်တဲ့ ညီလာခံမျိုး လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒီလို ညီလာခံမျိုးပြီးမှသာလျှင် တိုင်းပြည်အနာဂတ်အတွက် နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်တွေနဲ့ အတူ ရှေ့လုပ်ငန်းစဉ်တွေ၊ အားလုံးလိုက်ပါကြမယ့် လုပ်ငန်းစဉ်တစ်ခုကို ချမှတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲမှာ တင်ပြမယ့် အချက်အလက်တွေ အားလုံးဟာ တစ်တိုင်းပြည်လုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးချက်တွေပါပါမယ်။ ပင်လုံဆိုင်ရာကိစ္စရပ်မျိုးတွေ၊ ဖွဲ့စည်းပုံဆိုင်ရာကိစ္စရပ်မျိုးတွေ၊ နောက်တစ်ခုက နိုင်ငံရေးအကျဉ်းသားဆိုင်ရာကိစ္စရပ်မျိုးတွေ၊ တိုင်းပြည်လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်မျိုးတွေကို လာမယ့်နိုင်ငံရေးဆွေးနွေးပွဲမှာ ကျွန်တော်တို့တရားဝင် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဘာပဲလုပ်လုပ် အဓိကက ပြည်သူလူထုအကျိုးစီးပွားအတွက် မျက်နှာမူရမှာပါ"ဟု ပြောကြားသည်။

ABSDF အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်းက "တိုင်းပြည်မှာရှိတဲ့ နိုင်ငံရေးသမားတွေ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ လုပ်လို့မရပါဘူး၊ အားလုံးစုပေါင်းပြီး အဖြေရှာမှ အားလုံးသဘောတူညီတဲ့ အဖြေရလာပါလိမ့်မယ်။ ကျွန်တော်တို့ မျှော်လင့်ထားတာကလည်း ဒီနှစ်ဖက်ဆွေးနွေးမှုက ငြိမ်းချမ်းရေးနဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူ ဖြစ်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ အဲဒီ မျှော်လင့်ထားတဲ့အပေါ် မူတည်ပြီး တိုင်းပြည်ရဲ့ လိုအပ်ချက်အရ၊ ပြည်သူတွေ လိုအပ်ချက်အရ ဘာတွေဆောင်ရွက်ရမလဲ၊ ဘာတွေရေးဆွဲ နိုင်မလဲဆိုတာ သိရပါမယ်"ဟု ပြောကြားသည်။

ABSDF အဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးဆန်နီက "ABSDF အဖွဲ့အနေနဲ့ လက်ရှိအခြေပြုထားတဲ့ တိုင်းရင်းသားဒေသအသီးသီးမှာပဲ ဆက်လက်အခြေပြုသွားပါမယ်၊ လက်ရှိ ABSDF ရပ်တည်နေတာ ဘယ် NGO ရဲ့ အထောက်အပံ့နဲ့မှ မဟုတ်ပါဘူး၊ နိုင်ငံတကာမှာရောက်နေကြတဲ့ ထောက်ပံ့ ပံ့ပိုးပေးနေတဲ့ မြန်မာအင်အားစုတွေ၊ မိတ်ဆွေတွေအပါအဝင် တိုင်းရင်းသားဒေသအသီးသီးမှာ ရပ်တည်နေကြတဲ့ တိုင်းရင်းသားအင်အားစု အသီးသီးရဲ့ ထောက်ပံ့မှုနဲ့ ရပ်တည်နေတာ ဖြစ်ပါတယ်။ ဒီခရီးကို လုပ်ဖော်ကိုင်ဖက်က အဖွဲ့အစည်းတွေ၊ လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးအင်အားစုတွေ၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ လေ့လာရေးခရီးလာတုန်းက ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေ၊ ဦးမင်းကိုနိုင်တို့ ဦးဆောင်တဲ့ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်း၊ နယ်စပ်မှာရှိတဲ့ တိုင်းရင်းသားအဖွဲ့တွေ၊ အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့အဖွဲ့တွေ၊ ဒေသဆိုင်ရာ အသီးသီးမှာရှိကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေ၊ နိုင်ငံခြားမှာရောက်နေကြ

ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲ။

တဲ့ ရဲဘော်တွေရဲ့ အကြံဉာဏ်ကိုရယူပြီး ဒီခရီးကို လျှောက်လှမ်းခဲ့တာ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုတွေမှာ ဒေါ်အောင်ဆန်းစုကြည် ပါဝင်လာမယ်ဆိုရင် ဒီ့ထက်ပိုကောင်းတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဦးမင်းကိုနိုင်က လုပ်ငန်းစဉ်တွေက အများကြီးကျန်ရှိနေပါသေးတယ်။ အခု အပစ်အခတ်ရပ်စဲဖို့ သဘောတူတာနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်ကို လုပ်မှရမယ်။ ကြားမှာ ဟသွားလို့ မရဘူး။ ဟသွားရင် သံသယတွေဝင်လာမယ်။အတားအဆီးတွေ ဝင်လာမယ်။ အဲဒါကြောင့် လုပ်ငန်းစဉ်မှန်သမျှကို နှစ်ဖက်စလုံးက စိတ်စေတနာ မှန်မှန်နဲ့ ငြိမ်းချမ်းရေးကို တကယ်ယုံရင် တကယ်လုပ်လို့ ရပါတယ်။

စိုးရိမ်တာက အတိတ်က ဖြစ်ခဲ့သလို အပစ်အခတ်လုပ်လိုက်၊ ရပ်စဲရေးလုပ်လိုက် အဲလိုမဖြစ်အောင်လို့ နောက်က ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်တွေ အကုန်ပါဝင်အောင်ပေါ့။ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် နှစ်ဖက်လုံးက ယုံယုံကြည်ကြည်နဲ့ လုပ်ငန်းစဉ်ကို အတူ လုပ်သွားရင် ရပါတယ်ဟု ပြောခဲ့သည်။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၇

ဂေါတမဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော် သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း- ၀၆၇-၄၃၂၁၁၆၊ ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**



GLADYS ကုန်တင်ရေယာဉ်အနီး တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ်က အနီးကပ်စောင့်ကြည့်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေစဉ်။ (မြဝတီ)

စက်ချွတ်ယွင်းလျက်ရှိသည့် နိုင်ငံခြားကုန်တင်ရေယာဉ်တစ်စင်းအား တပ်မတော်(ရေ)မှ ကူညီဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၇

မလေးရှားနိုင်ငံ ဆိပ်ကမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိပ်ကမ်းသို့ ဇူလိုင် ၂၆ ရက်က ထွက်ခွာလာသည့် အင်ဒိုနီးရှားနိုင်ငံ၊ BBN(BINTIKA BANGUNUSA) ကုမ္ပဏီမှ GL-ADYS (JAKARTA) ကုန်တင်ရေယာဉ်သည် ဇူလိုင် ၃၁ ရက်တွင် မြန်မာ့ရေပိုင်နက်အတွင်းရှိ ကျောက်ဖြူမြို့နယ် မင်းပြင်ကမ်းခြေအနောက်တောင်ဘက် ၁၃ မိုင်ခန့် အကွာ၌ အင်ဂျင်များ ချွတ်ယွင်းပြီး စက်ခန်းအတွင်း ရေများဝင်ရောက်မှုဖြစ်ပွားခဲ့၍ ကျောက်ချရပ်နားခဲ့ကြောင်း၊ အဆိုပါရေယာဉ်သို့ ဩဂုတ် ၁ ရက်တွင် တပ်မတော် (ရေ)မှ ထောက်ပံ့ရေး ရေယာဉ်အားလည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် ကျောက်ဖြူမြို့ရှိ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် စေလွှတ်၍လည်းကောင်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်တင်ရေယာဉ်သည် စက်ခန်းအတွင်း ရေစုပ်ပန့်၏ သံပိုက်ပေါက်ပြဲမှုကြောင့် ရေတန် ၁၀၀ ခန့် ဝင်ရောက်၍ ၁၅ ပေခန့် နစ်မြုပ်လျက်ရှိပြီး မီးစက်များ နှိုးမရသဖြင့် တပ်မတော်(ရေ)မှ စစ်သည်များက ရေများစုပ်ထုတ်ပေးခြင်း၊ မီးစက်များ ပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ဩဂုတ် ၆ ရက် ညပိုင်းတွင် ရေများ စုပ်ထုတ်ပေးနိုင်ခဲ့ပြီး မီးစက် ငါးလုံး ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ပေးနိုင်ခဲ့သည်။

တပ်မတော်(ရေ) မှ စစ်ရေယာဉ်နှင့် ထောက်ပံ့ရေးရေယာဉ်တို့သည် လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးရန်အတွက် ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ရေး - ထားဝယ်ရထားလမ်း ပြုပြင်ခြင်းလုပ်ငန်း နေ့ညမပြတ်ဆောင်ရွက် ခရီးသည်များနှင့် ကုန်စည်များ ပုံမှန်သွားလာပို့ဆောင်နေပြီဖြစ်

နေပြည်တော် ဩဂုတ် ၇

တောင်ပြိုကျမှုကြောင့် ဩဂုတ် ၄ ရက်က လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည့် ရေး-ထားဝယ် ရထားလမ်းပိုင်းကို နယ်မြေခံ တပ်မတော်သားများနှင့် ရထားလမ်းပြုပြင်ရေး ဝန်ထမ်းများ ပူးပေါင်း၍ မြေစာများဖယ်ရှားခြင်း၊ ရထားလမ်းကျောက်ခင်းခြင်းနှင့်ရထားလမ်းပြုပြင်ခြင်းတို့ကို နေ့ညမပြတ်ဆောင်ရွက်ပေးခဲ့ရာ **(အောက်ပုံ)** ဩဂုတ် ၆ ရက် ညပိုင်းတွင် ရထားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းနှင့် ခရီးသည်များနှင့် ကုန်စည်များ ပုံမှန်သွားလာပို့ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်နေထိုင်ခဲ့သည့် ဒေသခံပြည်သူများသည် ရေပြန်လည်ကျဆင်းသွားသဖြင့် နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိရာ ဩဂုတ် ၆ ရက်တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ရွှံ့ညွန်အမှိုက်များ ရှင်းလင်းပေးခြင်း၊ နေအိမ်များသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်-မူဆယ် ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ်(၂၃၁/၆)နှင့် (၂၃၁/၇) ကြားတွင် ဩဂုတ် ၆ ရက် နံနက် ၆ နာရီခွဲခန့်က ကားလမ်း အရှေ့ဘက်ခြမ်းရှိ တောင်ပြိုမှုဖြစ်ပွားခဲ့ရာ ကားလမ်းပေါ်သို့အရှည် ပေ ၁၅၀၊ အမြင့် ပေ ၃၀ ခန့်မြေများ ဖုံးအုပ်ခဲ့ပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လမ်းပိတ်ဆို့နေမှုကို တာဝန်ရှိသူများက သွားရောက်ပြုပြင်ခဲ့သဖြင့် ဩဂုတ် ၆ ရက် ည ၇ နာရီတွင် ယာဉ်ကြီး ယာဉ်ငယ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ကွတ်ခိုင်-မူဆယ်ကားလမ်း မြေပြိုနေမှုအား တွေ့မြင်ရစဉ်။ (မြဝတီ)

ပြည်တွင်းသတင်း

ရေဦးမြို့နယ်မှ နှမ်းစပါးစိုက်တောင်သူများ အထွက်နှုန်းကောင်း၍ အဆင်ပြေ

ရေဦး ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်တွင် နှမ်းစပါးများကို ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ တောင်သူများ စပါးအထွက်နှုန်းကောင်းကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ် ရေဦးကုန်းကျေးရွာ အုပ်စု ရွာသစ်ကျေးရွာ တောင်သူ ဦးသန်းလွင်၏ လယ်မြေ ၄ ဒသမ ၅ ဧက ရိတ်သိမ်းခြွေလှေ့နေမှုနှင့် စပ်လျဉ်းပြီး မေးမြန်းခဲ့ရာ "ဒီနှစ်နှမ်းစပါးကို ရင်တမမနဲ့စိုက်ရတယ်။ မိုးကလည်း ခေါင်တယ်၊ သဖန်းဆိပ်ဆည်တမံကြီးမှာလည်း ရေကနည်းနေတဲ့အတွက် စပါးစိုက်ပျိုးဖို့ ရေအလုံအလောက် မရရှိခဲ့ဘူး။ မိုးကို မျှော်လင့်သလောက် မျှော်မိပါတယ်၊ မိုးမရွာပေမယ့် စိတ်ဓာတ်မကျခဲ့ပါဘူး။ မြို့နယ်က စိုက်ပျိုးရေးဦးစီးဌာနနဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူတွေက တောင်သူတွေ နှမ်းစပါးစိုက်ပျိုးနိုင်ရေး အဆင်ပြေအောင်ဆောင်ရွက်ပေးပါတယ်၊ ဒီနှစ်ကျွန်တော် ဆင်းရွှေရင်စပါးမျိုး ၄ ဒသမ ၅ ဧက စိုက်ပျိုးခဲ့ရာမှာ တစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျငွေကျပ်နှစ်သိန်းလောက် ကုန်တယ်၊ စပါးအထွက်နှုန်းတစ်ဧက တင်း ၁၀၀ ထွက်တယ်၊ဆင်းရွှေရင်စပါးဈေး ငွေကျပ် ငါးသိန်းအထိ ရောင်းရတဲ့အတွက် အဆင်ပြေပါတယ်"ဟု ပြောသည်။

ယင်းနောက် သံသည်ကျေးရွာ တောင်သူဦးဝင်းမြင့်ကလည်း ခွန်လေးခွန်စပါးမျိုး ၁၅ ဧကကို ရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိခဲ့ကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ်အပြီးအစီး ငွေကျပ် ၂၅ သိန်းခန့်ကုန်ကျခဲ့ကြောင်း၊ စပါးပေါက်ဈေး ငွေကျပ် ငါးသိန်းကျော် ရောင်းရသည့်အတွက် ငွေကျပ်သိန်း ၅၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ရာသီဥတုဖောက်ပြန်ခဲ့သော်လည်း ဒီနှစ်နှမ်းစပါးစိုက်ကြသည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ပြောပြသည်။ ထို့အပြင် နှမ်းစပါးမြေအငှားဖြင့် စိုက်ပျိုးလုပ်ကိုင်ခဲ့သူ သံသည်ကျေးရွာ ဦးဝင်းတင့်ကလည်း နှမ်းစပါး ခြောက်ဧကစိုက်ကြောင်း၊ စိုက်ပျိုးစရိတ် ရိတ်သိမ်းခြွေလှေ့ပြီးသည်အထိ ငွေကျပ် ၁၁ သိန်းခန့်ကုန်ကျခဲ့သော်လည်း နှမ်းစပါးစိုက်ပျိုးခဲ့ရာမှ ကာလတန်ဖိုး ငွေကျပ် ခုနစ်သိန်းအမြတ်ရရှိခဲ့ကြောင်း သိရသည်။

သန်းထိုက်(ရေဦး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၇-၈-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၂၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၁၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅ - ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၃ - ၁၃၀၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၃ - ၇၇၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၅ - ၃၂. ၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၅ - ၁၆. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉ - ၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀ - ၃၀၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၅၅၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀ - ၃၈၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၆၈၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၇၂၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၁၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၅၀၀ -၁၈၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ -၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၂၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၁၀-၆၀၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၇၀-၅၅၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၂၅၀-၂၃၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၄၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

ပျဉ်းမနား ဩဂုတ် ၇

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စု လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်ပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီက တောင်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။အခမ်းအနားတွင်တောင်သာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး(ယာပုံ)မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ငြိမ်းက လယ်ယာမြေနှင့် ပတ်သက်၍လုပ်ပိုင်ခွင့်လုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီးနောက် တောင်သာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်၊မြို့နယ်မြေစာရင်း ဒုတိယဦးစီးမှူးဦးကျော်ငြိမ်းနှင့် ဦးတင်အောင်တို့က တောင်သူ ၁၃၇ ဦးကို ပေးအပ်ခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဟားခါးမြို့နှင့် ဖလမ်းမြို့တို့၌ မိုဘိုင်းဖုန်းများ ဆက်လက်ချပေးမည်

ဟားခါး ဩဂုတ် ၇

ချင်းပြည်နယ် ဟားခါးမြို့နှင့် ဖလမ်းမြို့များတွင် CDMA-800 MHz တန်ဖိုးနည်းမိုဘိုင်းဖုန်း ၂၀၀၀ စီကို မကြာမီ ထပ်မံရောင်းချပေးမည်ဖြစ်ကြောင်း ချင်းပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။ ဟားခါးမြို့နှင့် ဖလမ်းမြို့တို့တွင် CDMA-800 MHz ရေဒီယိုစက်စခန်းကို ပြီးခဲ့သည့် ဇူလိုင်လက ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါမြို့များတွင် CDMA-800 MHz တန်ဖိုးနည်း အလုံး ၂၅၀၀ စီချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် မြန်/ဆက်)**

CMT CHAM MYAE THA Co.,Ltd.

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာ ခန့်ထားရန်

မန်နေဂျာ မ (၅)ဦး
- ဘွဲ့ရ၊ အသက် ၄၀ အောက်
- အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် Furniture အတွေ့အကြုံရှိသူ ဖြစ်ရမည်။
  (ဒီပလိုမာဘွဲ့၊ စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ရှိသူ ဦးစားပေးမည်။)
- ရိုးသားကြိုးစားယဉ်ကျေးသိမ်မွေ့၍ သွက်လက်ဖျတ်လတ်ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

စာရင်းကိုင် မ (၅)ဦး
- B.Com ဘွဲ့ရ၊ အသက် ၅၀ အောက်
- လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။

အရောင်းဝန်ထမ်း မ ၃၀ ဦး
- အသက် ၂၀-၃၅ နှစ်အတွင်း၊ အနိမ့်ဆုံး ၁၀ တန်းအောင်မြင်ရမည်။
- Furniture နှင့် အရောင်းပိုင်း စိတ်ဝင်စားသူဖြစ်ရမည်။
- ဆက်ဆံရေးပြေပြစ်၍ မိမိတာဝန်ကို တိတိကျကျ တာဝန်ယူနိုင်ရမည်။
  လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ယာဉ်မောင်းဝန်ထမ်း ကျား (၅)ဦး
- အသက် ၅၀ နှင့်အောက်၊ အလယ်တန်းအဆင့်
- ယာဉ်မောင်းကျွမ်းကျင်၍ (ဃ)လိုင်စင် ကိုင်ဆောင်ထားသူ ဖြစ်ရမည်။

မှတ်ချက်။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်မိတ္တူတို့နှင့်အတူ နံနက်၉း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ချမ်းမြေ့သာပရိဘောဂကုမ္ပဏီလီမိတက်
အမှတ်(၉၇)ဘီ၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဖမ်းဆီးရမိသော သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများအား ရောင်းချရန်လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင်သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၁၁-၈-၂၀၁၃ရက် နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

(က) သစ်ကပ်မှို ၁၁၃ ပိဿာ

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၅-၈-၂၀၁၃ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ကျောက်မဲခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၈၂-၄၀၀၄၇နှင့် ဦးစီးအရာရှိရုံး၊ နောင်ချိုမြို့နယ် ဖုန်း-၀၈၂-၈၅၀၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၁၂၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးရဲအောင် ၁၂/လကန(နိုင်)၁၂၄၉၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရမည်းသင်း)

တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့မှ လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က)	လမ်းခင်းကျောက်(ရွယ်စုံ)	၂၆၃.၇၅ ကျင်း
(ခ)	မြစ်သဲ	၆၄.၇၂ ကျင်း
(ဂ)	ကျောက်စရစ်	၄၄.၄၀ ကျင်း
(ဃ)	ဘိလပ်မြေ	၈၆တန်
(င)	သံချောင်း(ရွယ်စုံ)	၈.၁၉၂ တန်
(စ)	တောသစ်ခွဲသား(ရွယ်စုံ)	၆ တန်

၂။ **တင်ဒါပုံစံစတင်ရောင်းချရက်** - ၆-၈-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၈-၂၀၁၃ရက် (၁၇း၀၀)နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၃ရက် ၉း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး
လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ မြိတ်မြို့
ကန်ဖျားလမ်းမကြီး(ဘောလုံးကွင်းအရှေ့)၊ ဖုန်း-၀၅၉-၄၁၉၁၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၄)မှ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဘိလပ်မြေ(ကြံ)	၂၂၀ တန်

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား ၉-၈-၂၀၁၃ရက်မှစ၍ ပိတ်ရက်မရှိ ရုံးချိန်အတွင်း မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ လယ်ဝေးမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၃-၈-၂၀၁၃ ရက် ၁၂း၀၀နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၄-၈-၂၀၁၃ ရက် ၁၀း၀၀ နာရီ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ လယ်ဝေးမြို့နယ်။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား (မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး) လယ်ဝေးမြို့နယ်တွင် စုံစမ်းနိုင်ပါသည်။

အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)
ဖုန်း-၀၁-၅၇၇၁၀၃၊ ၀၁-၅၆၂၁၉၇၊ ၀၆၇-၃၀၃၇၉၊
၀၉-၅၁၆၅၃၆၄၊ ၀၉-၅၄၀၀၂၇၀

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အိမ်ခြေ ၂၀ နှင့် စိုက်ခင်းများ ရေနစ်မြုပ်

သီပေါ ဩဂုတ် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် ဩဂုတ် ၄ ရက် ညနေပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းလျက် မြစ်ချောင်းများရေတိုးကာ သီပေါမြို့နယ် နားမခေါ်ကျေးရွာမှ စိုက်ခင်းအချို့နှင့် အိမ်ခြေ ၂၀ ရေနစ်မြုပ်ခံရပြီး **(အပေါ်ပုံ)** ဝက်သုံးကောင်၊ အိမ်မွေးတိရစ္ဆာန်အချို့နှင့် အိမ်တစ်လုံးရေမျောပါသွားကြောင်း၊ လူအသေအပျောက်မရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

မြန်မာ-ထိုင်း(၉)ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၇

မဟာမဲခေါင်ဒေသတွင်း ခြောက်နိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဝန်ကြီးအဆင့် အစည်းအဝေးနှင့် ၂၀၀၉ ခုနှစ်တွင် ရေးထိုးခဲ့သည့်မြန်မာ-ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ထိုင်းတရားရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဌာနတို့အကြား အပြန်အလှန်ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ဩဂုတ်၆ရက်မှ ၇ ရက်အထိ ပုဂံမြို့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးချုပ် ရဲမှူးချုပ် ခင်မောင်စီ ခေါင်းဆောင်သောအဖွဲ့ဝင်ကိုးဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Pol.Col. Yanagyuen ခေါင်းဆောင်သောအဖွဲ့ဝင် ၁၃ဦးပါထိုင်းကိုယ်စားလှယ်အဖွဲ့၊ UNIAP(Myanmar) မှ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူးတစ်ဦး၊ UNIAP (Thailand) မှ အမျိုးသားစီမံကိန်း ညှိနှိုင်းရေးမှူးတစ်ဦးနှင့် ထိုင်း- မြန်မာနယ်စပ်ညှိနှိုင်းရေးမှူးတစ်ဦး စုစုပေါင်း ၂၅ ဦးတက်ရောက်ကြပြီး ထိုင်း-မြန်မာနှစ်နိုင်ငံကြား ဖြစ်ပေါ်လျက်ရှိသည့် လူကုန်ကူးမှုဖြစ်စဉ်များ၊ သက်ဆိုင်ရာသတင်းအချက်အလက်များနှင့် ထိရောက်သည့် ဖော်ထုတ်အရေးယူမှုများ ပြုလုပ်နိုင်ရန် အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **ဇော်မျိုးနိုင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်ကြီးတံခွန်မြို့နယ်၌ လူသတ် ပစ္စည်းယူမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၇

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဩဂုတ် ၅ ရက်က လူသတ် ပစ္စည်းယူမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမှုဖွင့်တိုင်ကြား

ချမ်းမြသာယာရပ်ကွက် ရွှေပြည်မန္တလာတိုက်တန်း ပထမထပ်အဆောင် (၂) အခန်း(၈)နေ ဒေါ်ဂျမ်းတော (၆၇နှစ်)သည် မွန်းလွဲပိုင်းတွင် မီးဖိုခန်းအတွင်း နဖူးပေါက်ပြဲဒဏ်ရာဖြင့် နေအိမ်အတွင်းလဲကျ သတိလစ်နေသည်ကို မိသားစုများက တွေ့ရှိသဖြင့် မန္တလေးဆေးရုံကြီးသို့တင်ပို့စဉ် လမ်းခရီးတွင် သေဆုံးသွားခဲ့ကြောင်း၊ နေအိမ်အတွင်း စစ်ဆေးရာ အိပ်ခန်းအတွင်းမှ အလေးချိန် ခုနစ်ကျပ်သားခန့်ရှိ ပွတ်လုံးပြောင် ရွှေလက်ကောက်ခုနစ်ကွင်း၊ အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ သံကွင်းဆက် ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန်တစ်ကျပ်သားခန့်ရှိ ရွှေဘယက်တစ်ခု၊ အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ ပြောင်ရွှေလက်စွပ်သုံးကွင်း၊ အလေးချိန် ငါးကျပ်ခွဲသားခန့်ရှိ ဆောက်ဖြတ်ပုံ ရွှေဆွဲကြိုး တစ်ကုံးနှင့် ငွေကျပ်နှစ်သိန်းတို့ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

အောင်သူရ(ရွှေမန်းမြေ)

အလုံ အကယ်ဒမီဆေးခန်းရှေ့ လုယက်မှု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဖော်ထုတ်ဖမ်းဆီး

ရန်ကုန် ဩဂုတ် ၇

ဇူလိုင် ၃၁ ရက် ည ၈ နာရီ ၄၅ မိနစ်က ကိုမြင့်ကျော်သန်း မင်္ဂလာဒုံမြို့နယ်နေသူမှာ အစ်ကိုဖြစ်သူတို့နှင့်အတူ အလုံမြို့နယ် ဌာနရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းရှိ အကယ်ဒမီဆေးခန်းတွင် သူငယ်ချင်းဖြစ်သူ မီးဖွားနေ၍ သတင်းသွားရောက်မေးမြန်းစဉ် ၄င်းတစ်ဦးတည်း ၃င/---- SWIFT ယာဉ်အတွင်း ကျန်နေခဲ့ချိန် အမည်မသိအမျိုးသားသုံးဦးက ယာဉ်အတွင်းဝင်ရောက်လာကာ ဓားဖြင့်ထောက်၍ ယာဉ်နှင့်အတူ ခေါ်ဆောင်သွားပြီးနောက် ချော်တွင်းကုန်းမီးပွိုင့်အနီးတွင် ချထားခဲ့ကာ ယာဉ်အတွင်းမှ Laptop တစ်လုံး၊ Apple Mini Ipad တစ်လုံး၊ Auto အမျိုးအစား ဆင်းကတ်ပါဖုန်းတစ်လုံးတို့ကို ယူဆောင်မောင်းနှင်ထွက်ပြေးသွားသဖြင့် အရေးယူပေးပါရန် အလုံမြို့မရဲစခန်းသို့ တိုင်တန်းခဲ့၍အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပြန်လည်တွေ့

အဆိုပါအမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်စဉ် မောင်းနှင်သွားသောယာဉ်ကို ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းတွင် ရပ်ထားသည်ကို ပြန်လည်တွေ့ရှိခဲ့သည်။

ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ကွမ်းရွှံလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ်(. . .) အိမ်မှ ညီညီမင်းရှင်(ခ) ဇင်မင်းဦးကန်အနောက်ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူကို ဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်သို့ တိမ်းရှောင်ထွက်ခွာသွားသူ ဉာဏ်လင်းထက်(ခ)ကေတီ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်နေသူကို အောင်မင်္ဂလာအဝေးပြေးကွင်းမှလည်းကောင်း၊ ကုဋ္ဌေကျော် ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေသူကို လမ်းမတော်မြို့နယ်ရှိ ပုလဲမေတည်းခိုခန်းမှလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့်အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာ

၁။ **ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးတွင် ကားကိစ္စဆောင်ရွက်ရန်အတွက် ငွေတွက်ချက်၍ ချလန်ရရှိရန် တစ်နေကုန်နီးပါးစောင့်ဆိုင်းရပြီး ဘဏ်သို့ ငွေပေးသွင်းထားသည့် ချလန်အား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပြန်လည်အပ်နှံရာတွင် အချိန်နှစ်ရက်မှ သုံးရက်အထိ ကြာမြင့်နေပါသဖြင့် ငွေပေးသွင်းရသည့် လုပ်ဆောင်မှုကို တစ်ရက်တည်းဖြင့် ပြီးစီးအောင် ဆောင်ရွက်ပေးပါရန်နှင့် US$ မှ မြန်မာငွေသို့ ပြောင်းလဲပေးသွင်းရာ၌ ဘဏ်နှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ အသွားအပြန် တစ်နေကုန်ဆောင်ရွက်နေရသဖြင့် အမြန်ဆောင်ရွက်ပေးနိုင်ရေးအကြံပြုတင်ပြခြင်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပြန်လည်ရှင်းလင်းတင်ပြရာတွင်** ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ပြည်ပမှတင်သွင်းလာသည့်ယာဉ်များ မှတ်ပုံတင်လာရောက်ဆောင်ရွက်ပါက ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနတွင် ပြည်ပမှ တိုက်ရိုက်အသစ်တင်သွင်းလာသည့်ယာဉ်များအတွက် အထောက်အထားများ ပြည့်စုံမှုရှိ/မရှိ စိစစ်၍ နံပါတ်ပေးယာဉ် စစ်ဆေးခြင်းနှင့် ယာဉ်အို/ယာဉ်ဟောင်းအပ်နှံပြီး အသစ်တင်သွင်းယာဉ်များအတွက် အပ်နှံသည့်အထောက်အထားများ၊ အမှုတွဲများနှင့် တိုက်ဆိုင်စိစစ်၍ နံပါတ်ပေးယာဉ်စစ်ဆေးပါသည်။ ယာဉ်စစ်ဆေးပြီးပါက ကျသင့်ငွေတွက်ချက်ပုံစံထုတ်ပေး၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဗဟိုဘဏ်၏ Daily Exchange Rate အရ ညီမျှကျပ်ငွေတွက်ချက်၍ ချလန်ရေးသားထုတ်ပေးပြီး ဘဏ်ငွေသွင်းချလန်အား ယာဉ်ပိုင်ရှင်မှ ပြန်လည်တင်ပြလာပါက ငွေရပြေစာဖြတ်ပေး၍ ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် မော်တော်ယာဉ်သက်သေခံလက်မှတ် ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

၂။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်ပတင်သွင်းယာဉ်များအပေါ် ၁၀-၆-၂၀၁၃ ရက်နေ့မှ ၃၀-၆-၂၀၁၃ ရက်နေ့ထိ ပျမ်းမျှနေ့စဉ် ငွေကောက်ခံဆောင်ရွက်ပေးမှုပမာဏမှာ ကျပ် ၁၃၀၀ သန်းကျော်ဖြစ်ပြီး ချလန်ထုတ်ပေးခြင်းနှင့် ငွေရပြေစာဖြတ်ပေးခြင်းများ ဆောင်ရွက်ပေးသည့် ယာဉ်စီးရေပမာဏမှာ ပျမ်းမျှ ၁၃၀၀ ကျော် ရှိပါကြောင်းနှင့် လုပ်ငန်းပိုမိုလျင်မြန်မှုရှိစေရန်နှင့် အဆင်ပြေမှုရှိစေရန်အတွက် အောက်ပါအချက်များအား စီမံဆောင်ရွက်လျက်ရှိပါကြောင်း-

(က) ကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံသည့် ၁၀-၆-၂၀၁၃ ရက်နေ့မှ စတင်၍ ချလန်ထုတ်ပေးခြင်းနှင့် ငွေသွင်းပြီး ဘဏ်ချလန်တင်ပြလာပါက ငွေရပြေစာ ထုတ်ပေးခြင်းများကို သတ်မှတ်ငွေလက်ခံချိန်သာမက ရုံးချိန်နောက်ပိုင်း နေ့စဉ်လုပ်ငန်းပြီးပြတ်သည်အထိ ဝန်ထမ်းများမှ အချိန်ပိုဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

(ခ) ဝန်ထမ်းပမာဏအနေဖြင့် အရာထမ်း/အမှုထမ်းစုစုပေါင်း ၃၀ ဦးဖြင့်ဆောင်ရွက်ရာမှ ၁၇-၆-၂၀၁၃ ရက်နေ့မှစ၍ အရာထမ်း / အမှုထမ်း အင်အား ၃၇ ဦးဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ကနဦးမှတ်ပုံတင်ဌာန (နေပြည်တော်)တွင် ကောင်တာသုံးခု၊ မြင်သာ(သဃ်န်းကျွန်း)တွင် ကောင်တာခုနစ်ခုနှင့် ရွာသာကြီးတွင် ကောင်တာသုံးခု စုစုပေါင်းကောင်တာ ၁၃ ခုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

(ဂ) ငွေပေးသွင်းသူများမှ Payment Order၊ Bank Draft များနှင့် ပေးသွင်းပါက ငွေရပြေစာချက်ချင်းထုတ်ပေးလျက်ရှိပါကြောင်း၊

(ဃ) လုပ်ငန်းပိုမိုမြန်ဆန်မှုရှိစေရေးအတွက် Computerized Program များနှင့် ပြောင်းလဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

(င) လုပ်ငန်းလာရောက်ဆောင်ရွက်သည့် ယာဉ်ပိုင်ရှင်များ ငွေပေးသွင်းရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်(သဃ်န်းကျွန်း)အပြင် ၂၄-၆-၂၀၁၃ ရက်နေ့မှစ၍ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၅) ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ(မြောက်ဒဂုံ)နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(တောင်ဒဂုံ)တို့၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)အမည်ဖြင့် ဘဏ်စာရင်းများ ဖွင့်လှစ်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ သတင်းစာများမှတစ်ဆင့် အသိပေးကြေညာ၍ ငွေသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊

(စ) One Stop Service ဖြင့် ငွေလက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာ့စီးပွားရေးဘဏ်ခွဲ(သဃ်န်းကျွန်း)နှင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)သို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

၃။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အကြံပြုစာအပေါ် စိစစ်၍ အောက်ပါအတိုင်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း-

(က) သဃ်န်းကျွန်းတွင် စာရင်းရှင်စာရင်းဖွင့်လှစ်ထားသူများအား ငွေသားဖြင့် ပေးသွင်းခြင်းအပြင် စာရင်းပြောင်းနည်း (Transfer) ဖြင့် ပေးသွင်းနိုင်ကြောင်း အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊

(ခ) ရန်ကုန်မြို့ပေါ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် စာရင်းဖွင့်လှစ်ထားသူများအား စာရင်းရှင်းနည်း (Clearing) ဖြင့် ပေးသွင်းနိုင်ကြောင်း အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊

(ဂ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သဃ်န်းကျွန်းဘဏ်ခွဲအပြင် အခြားဘဏ်ခွဲများတွင်ပါ စာရင်းဖွင့်လှစ်ပေးသွင်းနိုင်ကြောင်း၊ အကြောင်းကြားညှိနှိုင်းချက်အရ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅) ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (မြောက်ဒဂုံ) နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(တောင်ဒဂုံ)တို့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၏ သွင်းငွေသက်သက်စာရင်း (Deposit Only Account) ဖွင့်လှစ်ပေးပြီး ပေးသွင်းစေခဲ့ပါကြောင်း။

၄။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကနဦးယာဉ်မှတ်ပုံတင်ခပေးသွင်းငွေများကို ငွေသား (Cash)ဖြင့်လည်းကောင်း၊ စာရင်းပြောင်းနည်း (Transfer) ဖြင့်လည်းကောင်း၊ စာရင်းရှင်းနည်း (Clearing)ဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းဘဏ်ခွဲ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅)ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (မြောက်ဒဂုံ)နှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲ (တောင်ဒဂုံ)တို့တွင်သာ ဖြန့်ခွဲပေးသွင်းရန် စီစဉ်ပေးခဲ့ရာ နေချင်းပြီးချလန်ထုတ်ပေးနိုင်ပြီဖြစ်၍ လုပ်ငန်းအဆင်ပြေချောမွေ့နေပြီဖြစ်ပါကြောင်း။

၅။ **ပြည်ပမှ Light Truck ကားတင်သွင်းရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော မူဝါဒများနှင့်အညီ တင်သွင်းသော်လည်း ရန်ကုန်ဆိပ်ကမ်းမှ လက်မခံသဖြင့် အခက်အခဲများဖြစ်နေပါကြောင်း၊ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းတင်ပြရာတွင်** Pick Up (2 Door) ယာဉ်များမှာ မူလက လူစီးယာဉ်အုပ်စုတွင်ပါဝင်ပြီး တင်သွင်းသူများ ဈေးနှုန်းသက်သာ၍ ပိုမိုအဆင်ပြေစေရန်အတွက် ၂၈-၂-၂၀၁၃ ရက်နေ့တွင် ပြုလုပ်သည့် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃) မှ လုပ်ငန်းသုံးယာဉ်အုပ်စုတွင် ထည့်သွင်းသတ်မှတ်ရန်နှင့် Open Cab၊ Double Cab ယာဉ်များမှာ တံခါးလေးပေါက်ရှိပြီး ယာဉ်၏ အတွင်း/အပြင် Grade များမှာ လူစီးယာဉ်အဖြစ် အသုံးပြုရန်အတွက်သာ ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်၍ လူစီးယာဉ်အုပ်စုတွင်သာ သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည့်အပြင် ၂၇-၆-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် One Stop Services အဖွဲ့ အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၃ တွင်လည်း Open Cab ယာဉ်များနှင့် ပတ်သက်၍ ထပ်မံဆွေးနွေးရာ အဆိုပါယာဉ်များကို လူစီးယာဉ်အုပ်စုတွင် ထားရှိသင့်ပြီး လုပ်ငန်းသုံးကုန်တင်ယာဉ်အဖြစ် ခွင့်မပြုသင့်ဟု ဆုံးဖြတ်ခဲ့ပါကြောင်း။

၆။ အဆိုပါ Light Truck ကား တင်သွင်းခွင့်ပါမစ်ထုတ်ပေးခဲ့မှုအား စိစစ်ရာတွင် သွင်းကုန်ပါမစ်အမှတ် ISP IDV 8/12-13 160002(9.10. 2012)ဖြင့် Light Truck, Toyota Dyna,2004 Model,2 Tons တင်သွင်းခွင့်အတွက် ပါမစ်ထုတ်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသော်လည်း Light Truck (Pick Up) 2 Door, Ford Ranger, 2005 Model အား သွင်းကုန်ပါမစ်အမှတ် ISP IDV8/13-14/ 2181 (10-4-2013) ဖြင့် ကိုယ်တိုင်တင်သွင်းခြင်းမရှိဘဲ အခြားအမည်ဖြင့် တင်သွင်းလာခဲ့ရာ မူလပါမစ်နှင့်ကွဲလွဲ၍ တင်သွင်းလာသောကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ဖြစ်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြန်ကြားချက်များအား ဖော်ပြအပ်ပါသည်။

၇။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုများအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့ အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

Ministry of Finance
Myanma Foreign Trade Bank
Invitation for International Open Tender

1. Open tenders are invited to supply the following banking system software from Local or Foreign Companies in Myanmar Kyat and / or United States Dollars.
   Core Banking System Software
   Trade Finance Software,
2. Tender Closing Date & Time (6-9-2013) (11:00 AM)
3. Tender Documents & Detail information are available at Myanma Foreign Trade Bank,No (80/86), Mahabandoola Garden Street,Kyauktada Township Yangon, starting from (12/8/2013) During office hours and for further detail please contact Phone No- 01-381695,01-380614,
   Email *mftbygn1@myanmar:com.mm*
   Email *MFTB.HOYGN@mptmail.net.mm*
4. Tender opening date and Time (9-9-2013) (1:00 PM) (Monday)
5. Tender will be opened at-Conference Hall, Building No(34), Ministry of Finance, Nay Pyi Taw.

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (ညှိနှိုင်းဈေး)

ပေ(၃၀×၈၀)၊ မြေကွက်နှင့် အဆောက်အအုံ၊ မြို့မဈေးအနီး၊ ပခုက္ကူမြို့၊ ဖုန်း-၀၉-၂၀၀၁၉၂၂၊ ၂၃၀၀၅၃၃

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အထက(၅) Grade X (A) မှ မောင်ထက်ဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ထွန်း ၇/တငန(နိုင်)၁၀၂၈၆၉ ဖြစ်ပါကြောင်း။

ပျောက်ဆုံးခြင်း

ဝင်းဇော်(ဘ)ဦးကြည် ၈/ရစက(နိုင်)၁၈၁၉၈၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါကြောင်း တွေ့ရှိပါကအကြောင်းကြားပေးပါ။ **ဖုန်း-၄၀၁၆၆၀၂၇၈**

၂၄ ရက် အခြေပြုပဋ္ဌာန်းသင်တန်း

အခြေပြုသင်တန်းသားများအတွက် ၁၀-၈-၂၀၁၃ရက် (စနေနေ့)မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ပို့ချပါမည်။

ပထမကြီးတန်းအတွက်

ပဋ္ဌာန်းယမိုက်စာဝါများကို ၁၀-၈-၂၀၁၃ ရက် မှ ၁၀-၁၁-၂၀၁၃ ရက်အထိ ဘဒ္ဒန္တကုသလ၊ ဂန္ထဝါစကပဏ္ဍိတက စနေနေ့ မွန်းလွဲ ၂ နာရီတွင် စတင်ပို့ချပါမည်။

နေရာ - နမူနာစံကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရေခဲဆိုင်မှတ်တိုင်အနီး။

ဖုန်း - ၀၁-၅၄၅၈၉၄၊ ၀၉-၅၁၇၆၄၁၄

အသိပေးအကြောင်းကြားခြင်း

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ Rest Camp များမှ ဆောက်လုပ်ခြင်း မရှိသေးသော ဆိုင်ခန်းများအား ၉-၈-၂၀၁၃ ရက်တွင် စတင်ဆောက်လုပ်ကြရန် နောက်ဆုံးအကြိမ် အကြောင်းကြားအပ်ပါသည်။

၁၅-၈-၂၀၁၃ ရက်တွင် စတင်တည်ဆောက်ခြင်းမရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေနေရာကို ပြန်လည်သိမ်းဆည်းပြီးဖြစ်သည်ဟု သတ်မှတ်ပါသည်။

၂၅-၁၁-၂၀၁၃ ရက် နောက်ဆုံးထားအပြီး ဖွင့်လှစ်ရောင်းချခြင်းမရှိပါက ၄င်းဆောက်လက်စဆိုင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း နောက်ဆုံးအကြိမ် အသိပေးအကြောင်းကြားပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်နွဲ့ရီ၏ ပတ်စပို့နံပါတ် MA- ၂၂၉၆၈၆ သည် ခရီးသွားရင်းပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါကအမြန်ဆုံးပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၅၀၀၂၄၂၄၉**





စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ထန်းဇင်ကျေးရွာက ထူးထူးခြားခြား ထန်းလျက်အလှူပွဲ

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ အလှူဒါန လက်နဲ့မကွာ လှူဒါန်း၊ ပေးကမ်း၊ စွန့်ကြဲကြသော လူမျိုးများဖြစ်ကြပါသည်။ ရပ်ရွာဒေသအများစုမှာ အလှူပစ္စည်းမျိုးစုံကို လှူဒါန်းကြသော်လည်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ထန်းဇင်ကျေးရွာရှိ အမျိုးသမီးများသည် နှစ်စဉ်နှစ်တိုင်း ထူးထူးခြားခြား မိမိပိုင်ယာခင်းမှ မိမိတို့လုပ်အားဖြင့် ရရှိလာသော ထန်းလျက်များကို လှည်းများ၊ စက်ဘီးများဖြင့်သယ်ဆောင်၍ ဘုန်းကြီးကျောင်းတစ်ကျောင်းဝင် တစ်ကျောင်းထွက် ကိုယ်တိုင်သွားရောက်၍ နှစ်စဉ်မပျက် လှူဒါန်းလာခဲ့ကြသည်မှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၃၀ ခန့်ပင် ရှိပြီဖြစ်ပါသည်။

ယခုနှစ် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ထန်းဇင်ကျေးရွာမှအမျိုးသမီးများသည် အစဉ်အလာ မပျက် နှစ်စဉ်နှစ်တိုင်း ဆားလင်းကြီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်လှူဒါန်းကြသည့်အကြောင်းစာရေးသူ ကြားသိရသည့်အတွက်ကိုယ်တိုင်သွားရောက်မေးမြန်းခဲ့ပါသည်။

အလှူအဖွဲ့ အမျိုးသမီးများက "ကျွန်မတို့ အခုလို လှူဒါန်းလာတာ နှစ်ပေါင်း ၃၀ လောက်ရှိပါပြီ။ မိုးလေဝသကောင်းတဲ့ လွန်ခဲ့တဲ့ ၁၅နှစ်လောက်ကဆိုရင် ထန်းလျက်အများအပြား ထွက်ရှိခဲ့တဲ့အတွက်ရွာက နွားလှည်းတွေနဲ့ ထန်းလျက်တွေကိုတင်ပြီး တစ်ကျောင်းဝင်တစ်ကျောင်းထွက် လှူဒါန်းနိုင်ခဲ့ပါတယ်။ အခုနောက်ပိုင်းမှာတော့ မိုးလေဝသမကောင်းလို့ ထန်းလျက်ကလည်း လှည်းနဲ့တင်ပြီး လှူနိုင်လောက်အောင် မထွက်တော့ပေမယ့် ကိုယ်တတ်နိုင်သလောက် စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ တင်ပြီး သွားရောက်လှူဒါန်းကြပါတယ်" ဟုပြောသည်။ မိမိယာခင်းမှ ထန်းလျက် အထွက်နည်းသူများက အစဉ်အလာမပျက် လှူဒါန်းနိုင်ရန် ဝယ်ပြီး လှူကြသည့်အကြောင်းကိုလည်း ပြောပြကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ပီသစွာဖြင့် မိမိတို့ လုပ်အားဖြင့်ထွက်ရှိလာသော ထန်းလျက်များကို မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့စက်ဘီး၊ ဆိုင်ကယ်များဖြင့် တစ်ကျောင်းဝင် တစ်ကျောင်းထွက် ကိုယ်တိုင်ကိုယ်ကျ လိုက်လံလှူဒါန်းနေကြသည့်မြင်ကွင်းကို မြင်ရ၊ တွေ့ရသူအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုနေပေလိမ့်မည်ဟု ယုံကြည်စွာဖြင့်"ထန်းဇင်ကျေးရွာက ထူးထူးခြားခြား ထန်းလျက် အလှူပွဲ"ကို ရေးသားဖော်ပြ လိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

ကွန်ကရစ်ဇလီဖားတုံးတပ်ဆင်၊ လမ်းခင်းကျောက်များဖြည့်တင်းပြီးစီး

မိုးညှင်း ဩဂုတ် ၇

ပြည်သူတို့ခရီးသွားလာမှု လုံခြုံချောမွေ့စေရေးအတွက် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးရှိလာသည့်အလျောက် မြန်မာ့မီးရထားတိုင်း(၁)အတွင်း မီးရထားသံလမ်းလုပ်ငန်းအပိုင်းအလိုက် အင်ဂျင်နီယာ (သံလမ်း) အဖွဲ့များက ပြုပြင်ဆောင်ရွက်လျက်ရှိရာ မော်ဟန်-ကာတူ ဘူတာအကြား လျှော့ဖြေသံလမ်း ၁၀ မိုင်တွင် မီးရထားလမ်းတစ်လျှောက်သစ်သားဇလီဖားတုံးများအစား ကွန်ကရစ်တုံးများ တပ်ဆင်ခြင်း၊ လမ်းခင်းကျောက်များဖြည့်တင်းခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ ရက်က မိုးညှင်းအင်ဂျင်နီယာ (သံလမ်း) အဖွဲ့မှ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(၀၆၃)**

ကြခင်းမြို့နယ်တွင် အရန်သားဖွားဆရာမများ (မွမ်းမံ) သင်တန်းဖွင့်

ကြခင်း ဩဂုတ် ၇

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် ကြခင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ အရန်သားဖွားဆရာမများ(မွမ်းမံ)သင်တန်း (၁ /၂၀၁၃) ဖွင့်ပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ရီက အမှာစကားပြောကြားပြီးမြို့နယ်ဆရာဝန်ဒေါက်တာဇော်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကြခင်းမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးကင်းစကလေးငယ်များ သေဆုံးမှု လျော့နည်းရေးဆောင်ရွက်ရာတွင် အရန်သားဖွားဆရာမများ အရေးအတွက်အရလည်းကောင်း၊ အရည်အချင်းအရလည်းကောင်း မြှင့်တင်ပေးသွားရန် ဤသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ သင်တန်းအမှတ်စဉ် (၂/၂၀၁၃)နှင့် (၃/၂၀၁၃) တို့ကိုလည်း စက်တင်ဘာလနောက်ဆုံးထား၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၆၉)**

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၇

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်းပညာသင်တန်းအမှတ်စဉ်(၁၈)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ်(၃၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၅ရက်က တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(သင်တန်း)က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူးနှင့်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ဦးစီးအရာရှိများ၊ သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြများနှင့်သင်တန်းသား၂၂၇ဦးတို့တက်ရောက်ကြသည်။ သင်တန်းတွင် ခေတ်မီမြေတိုင်းတာခြင်းနည်းပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားမည်ဖြစ်ပြီး သင်တန်းသား ၂၂၇ ဦး တက်ရောက်ကာ ရှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်မြေစာရင်း)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်
ကြေညာချက်

၁။ ဥပဒေအရာရှိအဆင့်-၄များ ရွေးချယ်ရေးအတွက် ရေးဖြေစာမေးပွဲကို ၁၈-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့တွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ လျှောက်ထားသူများသည် မန္တလေးမြို့တွင်လည်းကောင်း ဖြေဆိုကြရပါမည်။

၃။ ဖြေဆိုခွင့်ကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးများတို့တွင် ၁၂-၈-၂၀၁၃ရက်မှ ၁၆-၈-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ လူကိုယ်တိုင် လာရောက်ထုတ်ယူကြရပါမည်။

၄။ ခုံအမှတ်၊ စာမေးပွဲ၊ အချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၁၂-၈-၂၀၁၃ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတို့တွင် ကြေညာထားပါမည်။

၅။ ၃၀-၆-၂၀၁၃ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၇)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)၊ မဟာဥပဒေဘွဲ့ (LL.M)ဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၃၂)နှစ်အထက် ကျော်လွန်သူများကို ဖြေဆိုခွင့်မပြုပါ။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

အမှတ်(၂)ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ်(၂) ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ရက် (သောကြာနေ့) ရုံးချိန်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

ကုန်ကြမ်းပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်-

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

စဉ်	ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
(က)	Brown Paper (85 gm) (30"x40") ၅၀၀ ရွက်ပါ	၄၄၄ ထုပ်
	မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်/ဟဲဟိုး)	
(ခ)	မြင်းစာဆန်ကွဲ	၁၈၅၃ တင်း
(ဂ)	မြင်းစာကုလားပဲလုံး	၄၁၁၁၉ ပိဿာ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၉-၂၀၁၃ ရက် ညနေ ၄း၀၀နာရီ

၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) မြင်းနှင့်သိုးမွေးမြူရေးစခန်း (ရန်ပယ်/ဟဲဟိုး)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

	တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)	၀၆၇-၄၀၈၀၇၆
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊	၀၆၇-၄၀၈၃၅၄
နေပြည်တော်	

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတို့အတွက် လိုအပ်သော ပစ္စည်းများအား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) ကျောက်ဖြူ GT မှ မဒဲကျွန်းရှိ LNG Project သို့ ၆၆ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်း

(၂) ပင်လယ်ဖြတ်ကျော်ဓာတ်အားလိုင်း (မဒဲ) ၆၆ကေဗွီဓာတ်အားလိုင်း

(၃) ကျောက်ဖြူ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆ကေဗွီ Switch Bay(2)Nos တိုးချဲ့ခြင်း

(၄) မဒဲကျွန်းတွင် ၆၆/၁၁ ကေဗွီ၊ ၄၀အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၈-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက် - ၅-၉-၂၀၁၃ ရက်

တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	Overhead Cable & Underground Cable	- (2) Items
(ခ)	လိုင်းပစ္စည်း	- (14) Items
(ဂ)	Drop Wire(2x0.8mm)	- (50000) Meters
(ဃ)	Computer Table, Chair နှင့်ဗီရို	- (4) Items
(င)	Web Server & Accessories	- (9) Items
(စ)	Video Conferencing Device & Accessories	- (6) Items
(ဆ)	UPS(3KVA) Auto Voltage Regulator	- (44) Nos
(ဇ)	Battery	- (2) Items
(ဈ)	Motorcycle	- (50) Units
(ည)	Engine Generator	- (3) Items
(ဋ)	ရုံးသုံးစက်ပစ္စည်း	- (7) Items
(ဌ)	Letter Scale, Parcel Scale နှင့် Hand Held Metal Detector	- (3) Items
(ဍ)	Vacuum Cleaner	- (5) Nos
(ဎ)	Aircon	- (5) Items
(ဏ)	Inverter,3KVA Voltage Regulator & Charger	- (4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၈-၂၀၁၃ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.10/HPGE/2013-2014

(က) တီကျစ်စက်ရုံအတွက် 70 mm Ø Steel Ball (120) Tons

Tender No.11/ HPGE/2013-2014

(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ (450) Sets

Tender No.12/HPGE/2013-2014

(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း(၄)မျိုး (28) Nos

Tender No.13/HPGE/2013-2014

(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ah ဘက်ထရီ (100) Nos

Tender No.14/HPGE/2013-2014

(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ (10) Items

Tender No.15/HPGE/2013-2014

(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ (220) Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ ၅ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးစေတီတော်ပန္နက်တင်၊ အုတ်မြစ်စီမင်္ဂလာကျင်းပ

ဟားခါး ဩဂုတ် ၇

ချင်းပြည်နယ်ဟားခါးမြို့ အိပ်မက်တော်ရသစ္စာအောင်မြေကုန်းတော်တွင် တစ်ကမ္ဘာလုံးငြိမ်းချမ်းသာယာစေရန်ဟူသော အတိတ်နိမိတ်ဖြင့် တည်ထားကိုးကွယ်မည့် တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးစေတီတော် ပန္နက်တင်၊ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အဆိုပါကုန်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်နှင့် ဇေတဝန်တောရ စာသင်တိုက်ဦးစီးပဓာန နာယက သာသနာပြုနယ်လှည့်ဓမ္မကထိက ချင်းတောင်တန်းသာသနာပြု ဆရာတော်ဒေါက်တာ ဘဒ္ဒန္တတေဇောသာရ အရှင်သူမြတ်အမှူးပြုသော ဆရာတော်သံဃာတော်များနှင့်သီလရှင်များ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ပြည်နယ်အဖွဲ့အစည်းဝင်များ၊ တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြကာ ဆရာတော်သံဃာတော်များက နတ်ဒေဝါများ ပင့်ဖိတ်ခြင်းနှင့် အန္တရာယ်ကင်းကမ္မဝါစာများ ရွတ်ဖတ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဖွဲ့အစည်းဝင်များ၊ တာဝန်ရှိသူများက အရပ်ရှစ်မျက်နှာ၌ ပန္နက်တိုင်များကို စိုက်ထူပေးကြသည်။ (ဝဲပုံ)

လက်ခံယူ

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော တာဝန်ရှိသူများက မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ရတနာအုတ်မြစ်များ စီပေးကြပြီးအောင်ဂါထာတော်များနှင့် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ စေတီတော်အတွက် အလှူတော်ငွေများကို ဆရာတော်ထံ ပေးအပ်လှူဒါန်းသည်။

(ပြည်နယ် ပြန်/ဆက်)

သန်းခေါင်စာရင်းကောက်ယူရေး နယ်လှည့်ဟောပြော

တွန်းဇံ ဩဂုတ် ၇

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီက တွန်းဇံမြို့နယ် တီးတူမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုးမြင့်အောင်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်းကို ရှင်းလင်းဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတွာလ်ဆွင်းဗန်က သန်းခေါင်စာရင်းကောက်ယူခြင်း၏ အကျိုးကျေးဇူးများနှင့်ပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ကျောင်းနေအရွယ် ကလေးများ အာဟာရနွားနို့တိုက်ကျွေး

ဘုတ်ပြင်း ဩဂုတ် ၇

ဘုတ်ပြင်းမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများအား အာဟာရနွားနို့တိုက်ကျွေးခြင်းအစီအစဉ်ကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက ဘုတ်ပြင်းမြို့နယ် အထကကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ဘုတ်ပြင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်ကျော်က နွားနို့သောက်သုံးစေခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအစီအစဉ်ကို ဘုတ်ပြင်းမြို့မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကျောင်းနေအရွယ်ကလေးငယ် ၄၆၀ ကို အာဟာရ နွားနို့များ တိုက်ကျွေးပြီး အနာဂတ် မျိုးဆက်ကျောင်းသားလူငယ်ကလေးများ ကိုယ်ခန္ဓာကျန်းမာသန်စွမ်း ထွားကျိုင်း၍ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မြင့်မားလာစေရန်အတွက် နွားနို့ပုံမှန်သောက်သုံးခြင်းအလေ့အထများ ဖြစ်လာစေရန် ရည်ရွယ်ကာ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘက်စုံထူးချွန်အတွေ့အကြုံရှင်း

နတ်မောက် ဩဂုတ် ၇

နတ်မောက်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစုဝေးကွင်း၌ဘက်စုံထူးချွန်အတွေ့အကြုံရှင်းလင်းပွဲကို ဩဂုတ်၄ရက် နံနက်၉နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး အဋ္ဌမတန်း ကျောင်းသား မောင်ကောင်းဟိန်းထက်က မန္တလေးတိုင်းဒေသကြီးပုဂံဘက်စုံထူးချွန်စခန်း လေ့လာရေးခရီးစဉ်အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

နေလင်း(ပညာရေး)

လမင်းတာရာ ပရဟိတ(အခလွတ်) ကျောင်းဖွင့်မည်

ပြင်ဦးလွင် ဩဂုတ် ၇

ပြင်ဦးလွင်မြို့ လမင်းတာရာမိသားစုမှ ၂၀၁၄ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် လမင်းတာရာ ပရဟိတ(အခလွတ်)ကျောင်း ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

၎င်းကျောင်းတွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုခွင့်ရှိသူများ၊ အမှန်တကယ် ပညာဆက်လက်ဆည်းပူးလိုသူများ၊ ပညာသင်ကြားရေးအတွက် အခက်အခဲရှိသူများ မည်သူမဆို တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။

ထို့အပြင် တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအတွက်စာအုပ်၊ စာရေးကိရိယာစသည့် အမှန်တကယ်လိုအပ်သည့် ကျောင်းသုံးပစ္စည်းများကိုလည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် တက်ရောက်ပညာသင်ကြားလိုသူများအနေဖြင့် လမင်းတာရာ ဓမ္မဉယျာဉ်အမှတ်(၈၇) ကလပ်လမ်း ပြင်ဦးလွင်မြို့သို့ ဩဂုတ် ၂၀ ရက်မတိုင်မီလာရောက် လျှောက်လွှာပုံစံဖြည့်စွက်လျှောက်ထားနိုင်ပြီး စက်တင်ဘာ ၁ ရက်တွင် ကျောင်းစတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရှိရသည်။

သက်နိုင်(ပြင်ဦးလွင်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် မုံရွာ-ယာကြီး-ကလေးဝလမ်း လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်		ကျောက်အမျိုးအစား	အရေအတွက်
၁။	(က)	ခွဲကျောက်မျိုးစုံ	၃၂၆၇ ကျင်း
	(ခ)	သဲကျောက်	၆၃၇ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၂-၉-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၈-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လေယာဉ်ကွင်းအထူးအဖွဲ့(၃)
ဖုန်း-၀၇၃-၄၄၀၁၅

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	Computer အပါအဝင်ရုံးသုံးစက်ပစ္စည်း	၁၉ မျိုး
(ခ)	Geological Equipments & Laboratory Equipments	၃ မျိုး
(ဂ)	ဓာတ်ခွဲခန်းသုံးဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း	၇၁ မျိုး
(ဃ)	Computer Toner, Copier Toner & Accessories	၃၆ မျိုး
(င)	ဆေးဝါးပစ္စည်း	၃၁ မျိုး
(စ)	ဘူမိကွင်းဆင်းလုပ်ငန်းသုံးပစ္စည်း	၄ မျိုး
(ဆ)	ဝတ်စုံ	၄ မျိုး
(ဇ)	Sample Bag	၂ မျိုး
(ဈ)	ဘက်ထရီနှင့်စက်ဆီချောဆီ	၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၅-၈-၂၀၁၃ ရက်မှ ၄-၉-၂၀၁၃ ရက် ၁၂:၀၀ နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနခွဲ
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အလက(၉)၊ တတိယတန်း(A)မှ မယမုံဖွေး၏ ဖခင်အမည်မှန်မှာ ဦးဆန်းနိုင် ၁၁/ပဏက(နိုင်)၀၄၃၄၁၉ ဖြစ်ပါသည်။

ဦးဆန်းနိုင်

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-051(2013-2014)	3.3KV High Tension Auto Transformer Type Motor Starter Complete Set	(1) Set	US$
(၂)	IFB-052(2013-2014)	Spares for Komatsu Dozer	(15) Items	US$
(၃)	IFB-053(2013-2014)	Spares for GM 6V 71 Engine (Ex Cooper Well Servicing Unit)	(13) Items	US$
(၄)	IFB-054(2013-2014)	20" Factory Made Hot Bends	(8) Items	US$
(၅)	IFB-055(2013-2014)	10" Steel Ball Valves and Pipe Fittings	(1) Lot	US$
(၆)	IFB-056(2013-2014)	Spares for CAT D 379 Engine	(9) Items	US$
(၇)	IFB-057(2013-2014)	Spares for CAT D 399 Engine	(1) Item	US$
(၈)	IFB-058(2013-2014)	Spares for CAT D 399 Engine	(20) Items	US$
(၉)	IFB-059(2013-2014)	Over Running Clutch for Gefco Rig	(2) Nos	US$
(၁၀)	IFB-060(2013-2014)	Spares for GM 8V 71 Engine	(11) Items	US$
(၁၁)	DMP/L-026(2013-2014)	7:00 × 16 & 7:50 × 16 Tyres	(2) Items	Kyat
(၁၂)	DMP/L-027(2013-2014)	Electronic Cards for Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat
(၁၃)	DMP/L-028(2013-2014)	Insert Bowl for ZP -375 Rotary Table Ex ZJ 70L Drilling Rig	(1) Pair	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

အမည်ပြောင်း

ဦးစိုးကြည်-ဒေါ်စန်းစန်းမြင့်တို့၏ သမီး ဧရာဝတီတိုင်းဒေသကြီး၊မော်လမြိုင်ကျွန်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်းအတွဲ(၁) တန်းခွဲ(ခ)တွင် ပညာသင်ကြားနေသော မအေးသူဇာထွေးအား မအေးသူဇာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးသူဇာအောင်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေကြာအင်း(၂)ရပ်ကွက်နေ မောင်ဇော်မင်းထက်၊ မောင်ကောင်းထက်ဇော်၊ မကလျာမြတ်နိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသောင်းတင် ၈/တတက(ပြု)၀၀၀၁၈၇ ဖြစ်ပါကြောင်း။

ဦးသောင်းတင်

သားအဖြစ်မှအမွေပြတ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၆၂၃ နေ ကျွန်မ ဒေါ်ကြူကြူ ၁၂/တမန(နိုင်)၀၂၅၁၁၂၏ သားအရင်းဖြစ်သူ မောင်မင်းထွဋ်ဦး ၁၂/ဒဂတ(နိုင်)၀၃၈၄၁၄သည် မိဘများအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲဒုက္ခရောက်အောင်ပြုလုပ်ပြီး ပြောဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်ပေါ်မှဆင်းသွားပါသဖြင့် နောက်နောင် မောင်မင်းထွဋ်ဦး ပြုလုပ်သမျှကို တာဝန်မယူပါကြောင်းနှင့် အမွေစားအမွေခံသားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ကြူကြူ(မိခင်)
၁၂/တမန(နိုင်)၀၂၅၁၁၂

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ပြဋ္ဌာန်းခဲ့ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းသစ်များတိုးလာ

ရန်ကုန်   ဩဂုတ်   ၇

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ပြဋ္ဌာန်းလိုက်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းသစ်များတိုးတက်လာကြောင်းအမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က မြန်မာ့အလင်းသတင်းစာသို့ ပြောကြားသည်။

"ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ နည်းဥပဒေကိုတော့ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်း အမျိုးအစားတွေကိုလည်း ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေသစ်အရ စီးပွားရေးလုပ်ငန်းခွင့်ပြုအမျိုးအစားပေါင်း ၉၄ခုရှိခဲ့ပါတယ်။ ဒါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ခွင့်ပြုခဲ့တဲ့ အရေအတွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၁၉ ဒသမ ၄၆၇ သန်း ရှိခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာတော့ ခွင့်ပြုလုပ်ငန်းအရေအတွက်ပေါင်း ၁၃ခုပဲရှိခဲ့ပါတယ်။ အဲဒါကြောင့် လုပ်ငန်းအရေအတွက် ခြောက်ဆတိုးလာပါတယ်။ ဒီလိုလုပ်ငန်းအရေအတွက်တိုးလာတဲ့အတွက်ကြောင့် နိုင်ငံတစ်ဝန်း အလုပ်အကိုင်အခွင့်အလမ်းတွေဟာလည်း တစ်ဟုန်ထိုး တိုးတက်လာတာတွေ့ရပါတယ်၊ အထူးသဖြင့်တော့ အထည်ချုပ်လုပ်ငန်းတွေများပါတယ်၊ အထည်ချုပ်လုပ်ငန်းကို အရင်တုန်းက ရန်ကုန်လောက်ပဲ အများဆုံးရှိပါတယ်၊ ယခုအခါမှာတော့ ရန်ကုန်အပြင် မန္တလေးနဲ့ ဧရာဝတီတိုင်းဒေသကြီးတွေမှာလည်း ရှိလာပြီဖြစ်ပါတယ်၊ ယခု ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မှာတော့ လုပ်ငန်းအရေအတွက် ၁၀ ခုမှာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်းပေါင်း ၄၁၆ ဒသမ ၇၁၂ သန်းအထိရှိလာပြီဖြစ်ပါတယ်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားတွေများလာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း တိုးလာတာဖြစ်ပါတယ်"ဟု ဒေါ်စန်းစန်းမြင့်က ပြောကြားသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ ကုန်စည်ကင်းလွတ်သက်သာခွင့်ကိုလည်း ယခင်ဥပဒေဟောင်းက သုံးနှစ်တာခွင့်ပြုခဲ့ရာမှ ငါးနှစ်အထိ

ခွင့်ပြုခဲ့ပါတယ်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရာမှာ လွယ်ကူစွာရင်းနှီးမြှုပ်နှံနိုင်ဖို့ ကန့်သတ်ထားတာမရှိပါဘူး၊ ဖက်စပ်လုပ်ငန်းများဆိုရင်လည်း အချိုးကန့်သတ်ထားတာ မရှိပါဘူး၊ နှစ်ဦးနှစ်ဖက်ညှိနှိုင်းလုပ်ကိုင်နိုင်ပါတယ်၊ ရင်းနှီးမြှုပ်နှံမှုတွေတိုးလာစေဖို့ တတ်နိုင်သမျှဖြေလျှော့မှုတွေ အများကြီးပြုလုပ်ပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် ယခင်ဥပဒေအရ မြေငှားရမ်းမှုကို နိုင်ငံပိုင်မြေမှ နှစ် ၃၀ အထိသာ ခွင့်ပြုခဲ့သော်လည်း ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ ကနဦး မြေငှားရမ်းမှု နှစ် ၅၀ ခွင့်ပြုထားပြီး ၁၀ နှစ် နှစ်ကြိမ် သက်တမ်းတိုးခွင့်ရှိ၍ စုစုပေါင်း နှစ် ၇၀ အထိ မြေငှားရမ်းခွင့်ပြုထားကြောင်းသိရသည်။ ယခင်ဥပဒေတွင် နိုင်ငံပိုင်မြေကိုသာ ငှားရမ်းခွင့်ရှိပြီး ယခု ဥပဒေသစ်အရ နိုင်ငံပိုင်မြေကိုရော ပုဂ္ဂလိကပိုင်မြေကိုပါ ငှားရမ်းခွင့်ပြုထားသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အလွယ်တကူဆောင်ရွက်နိုင်ရန်အတွက် ဌာန ၁၃ ခုကို တစ်နေရာတည်းတွင်ထားရှိပြီး One Stop Service အဖြစ် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ ။

သတင်း-မြင့်မောင်စိုး၊   ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပုလဲသွယ်စပ်မျိုးစပါး ဂန့်ဂေါတွင် စံကွက်ရိတ်သိမ်း

ဂန့်ဂေါ   ဩဂုတ်   ၇

ဂန့်ဂေါမြို့နယ် တောင်ခရမ်း ဆည်ရေသောက်ဒေသ တောင်ခင်ရန်းကျေးရွာ ကွင်းအမှတ်(၃၂)ရှိ တောင်သူဦးမြတ်ချိုအေး၏ ပုလဲသွယ်စပ်မျိုးစပါး နွေစပါးစိုက်ခင်း နှစ်ဧကတွင် ဇူလိုင်၂၇ ရက်က စပါးစံကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှအထွက်နှုန်း အခြောက်တင်း ၂၂၁ ဒသမ ၇၁ တင်းထွက်ရှိ၍ အဆိုပါကွင်းတွင် တောင်သူဦးစိန်ကို၏ ရွှေပြည်ငွေ့စပါး နွေစပါးစိုက်ကွင်းတွင်လည်း စပါးစံကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှအထွက်နှုန်း အခြောက်တင်း ၁၄၁ ဒသမ ၀၉ တင်းထွက်ရှိကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်မြင့်၊ ဆည်မြောင်းဦးစီးဌာနမှူး ဦးဝင်းမော်ဦး၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုလွင်တို့နှင့် တောင်သူများတက်ရောက်ကြသည်။ (၁၀၁)

စာအုပ်နှင့်စာရေးကိရိယာများ   ပေးအပ်

ဒလ   ဩဂုတ်   ၇

ဒလမြို့ သီရိဇေယျနော်ရထာခန်းမ၌ ဩဂုတ်၂ရက်နံနက်ပိုင်းက ဗိုလ်ရန်ပြေရပ်ကွက် အခမဲ့စာသင်ကျောင်း(၁၈)ကြိမ်မြောက် တစ်မြို့နယ်လုံးရှိ အခြေခံပညာကျောင်းများမှကျောင်းသားကျောင်းသူများအတွက်ငွေကျပ်၁၂သိန်းတန်ဖိုးရှိဗလာစာအုပ်ဒါဇင်၇၀၀နှင့်ခဲတံ၊ ဘောပင်၊ ခဲဖျက်၊ ပေတံ၊ ချွန်စက်နှင့်ဖျက်ဆေးဘူးများလှူဒါန်းပွဲ ကျင်းပရာ ကျောင်းသားကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်အေးသန္တာကျော်က ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**   **သန်းဌေး(ဒလ)**

အများသိရှိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၆-က/၇)၊ ဦးပိုင်အမှတ်(၄/၁)၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြို့မြေ၏တစ်စိတ်တစ်ဒေသ၊ အကျယ်အဝန်းစတုရန်းပေ(၄၈၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဌေးသောင် AYW-၀၅၈၄၇၈ ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ နှစ် ၃၀ ဂရန်ကို ဤရုံးမှ တရားဝင်မြေငှားဂရန်ထုတ်ပေးထားခဲ့ရာ အဆိုပါမြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် ဦးဌေးသောင်(ကွယ်လွန်၏ဇနီး) ဒေါ်သောင်းမြမှ ၎င်းမြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် တင်ပြတောင်းခံ လျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟုတင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ဟင်္သာတအသင်း
သံဃာဒါနအလှူခံများ လာနေပါပြီ

ဧာတိမြေ ဟင်္သာတမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးသံဃာဒါနဆွမ်းလောင်းလှူပွဲ ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၁၁၁)နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။

ယခုနှစ်တွင် မြို့ပေါ်ရှိ သံဃာတော်အပါး(၃၅၀၀)ကျော်အား (၁၀၈)ကြိမ်၊ (၁၀၉)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ကြာသပတေးပတ်၊ သောကြာပတ်နှင့် စနေပတ် မိုးသံဃာဒါနဆွမ်းလောင်းအသင်းတို့တွင် ၁၂-၉-၂၀၁၃ရက်၊ ၁၃-၉-၂၀၁၃ရက်နှင့် ၁၄-၉-၂၀၁၃ရက်များ၌ လောင်းလှူကြမည်ဖြစ်ပါသည်။

ယခင်နှစ်များကဲ့သို့ပင် အလှူရှင်များထံသို့ ဒါနအကျိုးတော်ဆောင်များနှင့် အမှုဆောင်များ အလှူခံလာရောက်နေပြီဖြစ်ပါ၍ အလှူငွေများထည့်ဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆွမ်းလောင်းခရီးစဉ်အသေးစိတ်ကို ထပ်မံကြေညာ ဖိတ်ကြားပါမည်။

ဟင်္သာတအသင်း ဖုန်း-၀၁-၂၀၁၁၁၄၊ ၀၁-၃၉၈၇၁၆
အမှုဆောင်အဖွဲ့

ရန်ကုန်မြို့ရောက် ကလေးဝမြို့နယ်သူ/သားများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကလေးဝမြို့ နယ်သူ/ သားများနှင့် ကလေးဝမြို့တွင် [illegible] ဒုတိယအကြိမ် [illegible] (တနင်္ဂနွေနေ့) နံနက် ၉ နာရီ [illegible] ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကလေးဝနယ်သူ/သားများနှင့် [illegible] ဖိတ်ကြားအပ်ပါသည်။

[illegible]

[illegible]

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁)ကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ၁၂-၈-၂၀၁၃ရက်မှ ၂၁-၈-၂၀၁၃ရက်အထိ ဝါခေါင်လဆန်း ၆ရက်မှ ဝါခေါင်လပြည့်နေ့အထိ ၁၀ရက် ဝါတွင်း ဒုတိယပတ်စခန်းပွဲတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတ်တစ်ပုံအောင်) ဒီဃနိကာယ ဓမ္မာစရိယ၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ပဋ္ဌိစ္စသမုပ္ပာဒ် ဝိပဿနာ သစ္စာလေးပါးတရားတော်မြတ်တို့ကို ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို လှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ဝါတွင်းတစ်လလျှင် ၁၀ရက်စခန်းပွဲ နှစ်ကြိမ် ဝါတွင်းသုံးလ တရားစခန်းပွဲ ၆ ကြိမ် ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့
ဖုန်း-၅၇၁၂၈၅၊ ၈၅၀၀၃၄၅၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၇၃၀၁၇၄၇၉

တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်ရွှေနှင်းဆီရပ်ကွက်၊ မဏိဓောတ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ဗုဒ္ဓဘာသာသူတော်စင်တို့၏ တရားခိုမှီရာကာလ (၁၇)ကြိမ်မြောက် ဝါတွင်းခုနစ်ရက် တရားစခန်းပွဲကြီးကို ၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်မှ ဝါခေါင်လပြည့်ကျော် ၇ရက်၊ ၂၂-၈-၂၀၁၃ရက်မှ ၂၈-၈-၂၀၁၃ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။

ယင်းတရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယမဏိဓောတဆရာတော် ဦးဓမ္မစာရနှင့် အဖွဲ့ချုပ် ဓမ္မကထိကဆရာကြီး ဦးသန့်ဇင်တို့မှ ဟောကြားမည်ဖြစ်ပါသည်။

မှတ်ချက် ။ ။တရားဝင်မည့်ယောဂီများသည် (ဝါခေါင်လပြည့်နေ့) ဩဂုတ် ၂၁ရက် ညနေ ၄ နာရီအရောက်ကြွပါရန်။ ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) တွင် လေးထပ်ကျောင်းဆောင်ကြီး ရေစက်ချပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးရှိ ဓမ္မမိတ်ဆွေ ဒါယကာ ဒါယိကာမ အပေါင်းတို့အား မပျက်မကွက်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဖုန်း-၀၉-၅၀၂၀၁၂၅

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)
ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်သက်ကြီးပူဇော်ပွဲ
ဖိတ်ကြားလွှာ

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများနှင့် ဇီးကုန်းမြို့နယ်သူ မြို့နယ်သားများအားလုံး ကြွရောက်လှူဒါန်းပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
နေရာ - နေနတ်သားစာသင်တိုက်၊ ကိုးထပ်ကြီးဘုရားရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

အသက်(၈၀)နှင့်အထက် ကန်တော့ခံ အသင်းဝင် သက်ကြီးဘိုးဘွားများစာရင်းနှင့် လှူဒါန်းလိုသော ဝတ္ထုပစ္စည်းများစာရင်းကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ၂၄-၈-၂၀၁၃ရက် (စနေနေ့)နောက်ဆုံးထားပြီး ပေးပို့လှူဒါန်းနိုင်ကြပါသည်။

၁။ ဦးသန်းအောင်	ဖုန်း-၀၉-၅၁၁၂၅၃၃	၄။ ဦးအေးလှိုင်	ဖုန်း-၅၂၇၀၄၀
၂။ ဦးထွန်းအောင်	ဖုန်း-၀၉-၅၁၇၄၅၅၀	၅။ ဦးမြင့်ဆွေ	ဖုန်း-၀၉-၄၂၅၀၂၉၂၀၄
၃။ ဦးအေး	ဖုန်း-၀၉-၇၃၂၀၆၂၈၈	၆။ ဦးမြင့်စိုး	ဖုန်း-၀၉-၄၉၂၄၂၁၁၃

အမှုဆောင်အဖွဲ့
ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)

သွေးမေတ္တာပရဟိတအသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲ

ပိဋကသုံးပုံ နိကာယ်စာသင်တိုက်၏နာယကဆရာတော် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသဆရာတော်အား ဦးထိပ်ပန်ဆင်လျက် သွေးမေတ္တာပရဟိတအသင်းမှ သံဃာတော်အပါး ၅၀၀ အား နေ့ဆွမ်းကပ်လှူဒါန်းပြီး ဒဂုံသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ သံဃာတော်အပါး ၉၀ အား ဝါဆိုသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အသင်းသားများနှင့် သွေးကွန်ရက်မှ အသင်းများအားလုံးကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၁-၈-၂၀၁၃ ရက်
အချိန် - နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ
နေရာ - ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်)
သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်) သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(က) **နေရာ** - အောင်မြေရတနာပရိယတ္တိစာသင်တိုက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်
(ခ) **နေ့ရက်** - ၂၀၁၃ခုနှစ် ဩဂုတ် ၂၅ ရက် (တနင်္ဂနွေနေ့)
(ဂ) **အချိန်** - နံနက် ၉ နာရီ

အသင်းသား၊ အသင်းသူများ အလှူရှင်များနှင့် သံဃာအပါး(၁၈၀)အား နေ့ဆွမ်းဆက်ကပ်ပါမည်။

ဆက်သွယ်ရန်

၁။ ရဲမှူးကြီးအေးကို(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၀၁-၅၀၂၄၄၄၊ ၂။ ဦးသန်းဌေး ဒုဥက္ကဋ္ဌ ဖုန်း-၀၉-၅၀၁၇၈၄၄၊ ၃။ ဦးတင်မောင်ဝင်း ဒုဥက္ကဋ္ဌ ဖုန်း-၀၉-၇၃၀၉၆၁၀၅၊ ၄။ ဦးကျော်ဇော အတွင်းရေးမှူး ဖုန်း-၀၉-၇၃၁၆၃၆၆၄၊ ၅။ ဒေါ်ခင်ဌေးမြင့် ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၁၀၇၃၂၊ ၆။ ဦးကြည်ဆန်း အမှုဆောင် ဖုန်း-၀၁-၅၀၇၁၂၇၊ ၇။ ဦးသန်းအေး အမှုဆောင် ဖုန်း-၀၉-၈၆၂၇၈၈၂

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်နေ ကျွန်တော် ကျွန်မတို့၏သား မောင်သန့်ဇင် ၉/စကတ(နိုင်)၀၇၅၆၈၂သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။   **ဦးတင်ရှိန် ၉/မခန(နိုင်)၀၀၆၉၅၁၊ ဒေါ်စောရီ ၉/မခန(နိုင်)၀၂၆၁၈၁**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးထွန်းမောင်၊ အမိ ဒေါ်မြင့်မြင့်တင်တို့၏ သား မောင်ကျော်သူထွန်း(၁၂/လကန(နိုင်)၁၆၅၁၀၁)သည် [illegible] သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ [illegible]

အဖ ဦးထွန်းမောင် (၁၄/သပန(နိုင်)[illegible])
အမိ ဒေါ်မြင့်မြင့်တင် (၁၂/လကန(နိုင်)၁၆၅၁၀၂)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြေပဲ ဈေးကျမှုနှင့်အတူ မြေပဲဆီအစစ်ဈေးကွက်ကျဆင်း

ရန်ကုန် ဩဂုတ် ၇

လက်ကားတစ်ပိဿာငွေကျပ် ၃၉၀၀ နှုန်းဖြင့် ရှစ်လကျော်ဈေးမပြောင်းလဲဘဲရှိနေသော မြေပဲဆီလက်ကားဈေးနှုန်းသည် ဩဂုတ် ၅ရက်တွင် တစ်ပိဿာလျှင်ငွေကျပ် ၃၇၀၀ နှုန်းသို့ ကျဆင်းလာကြောင်း၊ မြေပဲဆီဈေးကွက်တွင် ၂၀၁၂ခုနှစ် မတ်လလယ်က လက်ကားတစ်ပိဿာငွေကျပ် ၃၇၀၀ နှုန်းဖြင့် ဈေးနှုန်းအတက်ဘက်တွင်သာရှိရာ တစ်နှစ်ခြောက်လကြာမြင့်မှ ယင်း ငွေကျပ် ၃၇၀၀ နှုန်းသို့ ပြန်လည်ကျဆင်းခြင်းဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံဝင်းစိန်ပန်းလမ်းရှိ မြေပဲဆီအရောင်းပွဲရုံမှ တာဝန်ခံက ဆိုသည်။

စားအုန်းဆီဈေးနှုန်း တစ်ပိဿာငွေကျပ် ၁၉၅၀ ဝန်းကျင်ရှိသော မတ်လကုန်တွင် ပဲဆီလက်ကားတစ်ပိဿာရောင်းဈေး ငွေကျပ် ၄၁၀၀ နှုန်း၊ စားအုန်းဆီလက်ကား ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၁၇၀၀ ဝန်းကျင် ဖြစ်ချိန်တွင် မြေပဲဆီလက်ကားဈေးနှုန်းတစ်ပိဿာ ငွေကျပ်၄၇၀၀ နှုန်းဖြစ်ခဲ့ကြောင်း၊ ဒီဇင်ဘာလဆန်းစားအုန်းဆီ၌တစ်ပိဿာလျှင် ၁၂၇၅ ကျပ်ဖြစ်ချိန်တွင် မြေပဲဆီတစ်ပိဿာ ငွေကျပ် ၄၀၀၀ ဖြစ်နေပြီး ဇန်နဝါရီလ လယ်မှစ၍ မြေပဲဆီလက်ကားတစ်ပိဿာ ငွေကျပ် ၃၉၀၀ နှုန်းဖြင့် ဩဂုတ်လဆန်းအထိ ရှစ်လခန့် ဈေးငြိမ်နေရာမှ ဈေးကျလာခြင်းဖြစ်သည်ဟုသိရသည်။

မိုးပျိုးမြေပဲများကို အောင်လံ သရက်-ကံမဒေသများနှင့်မန္တလေးတိုင်းဒေသကြီးမှ ဒေသအချို့တို့တွင် ဝါခေါင်လဝန်းကျင်တွင်တူးဖော်လေ့ရှိပြီး မျိုးအဖြစ်အသုံးပြုကြောင်း၊မကွေးတိုင်းဒေသကြီးနှင့်ပြည်ဒေသတစ်ဝိုက်တွင် တော်သလင်းလ၊ သီတင်းကျွတ်လတို့တွင် ပြန့်မြေပဲခြောက်လ၊ စပိန်မြေပဲ(အရပ်အခေါ်) မျိုးသုံးလတို့ကိုစိုက်ပျိုးပြီး နတ်တော်လကုန်နှင့် တပို့တွဲလကုန်ဝန်းကျင်တွင် မြေပဲထွက်ရှိကြောင်း၊ လုံးချောဟုခေါ်သောလုံးဆန်များကို ပြည်ပသို့တင်ပို့ပြီး ရွေးကျများဖြစ်သော ဆီဆန်မြေပဲများကို ပြည်တွင်းတွင်ဆီကြိတ်ကြကြောင်း ရွေးကျမြေပဲဆန်ထက်လုံးဆန်မြေပဲဆန်သည် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ခန့် ဈေးပိုရသည်ဟု မြေပဲဆီ လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ပြာသို-တပို့တွဲ လများတွင် ၂၀၀၅ ခုနှစ်ဝန်းကျင်က ပဲခူး-သက္ကလ- ခရမ်း- သုံးခွ ဒေသများတွင် မြေပဲအများအပြား စိုက်ပျိုးခဲ့သော်လည်း စိုက်ပျိုးရာတွင် မြေပဲထက် လုပ်ငန်းလုပ်ရသက်သာပြီး ရာသီဥတု ပိုမိုဒဏ်ခံနိုင်သော မတ်ပဲ-ပဲတီစိမ်းများ စိုက်ပျိုးလာကြကြောင်း၊ ကုန်းမြင့်ဒေသဖြစ်သော ရှမ်းဒေသများတွင်လည်း နယုန်- ဝါဆိုလဝန်းကျင်တွင် မြေပဲများ စိုက်ပျိုးမှုရှိခဲ့ကြောင်း သိရသည်။

ယခုလပိုင်းတွင် မြေပဲထွက်ရှိချိန်မဟုတ်ဘဲ မြေပဲဆီဈေးကျနေရခြင်းမှာ စားအုန်းဆီကြောင့် မြေပဲဆီရောင်းအားကျနေချိန်ဖြစ်၍ ဆီကြိတ်ရာတွင် ထွက်ရှိသော ပဲဖတ် တစ်ပိဿာလျှင်ငွေကျပ် ၉၀၀ ဝန်းကျင်ရောင်းချရ၍ ဆီဈေးနှုန်းအနည်းငယ် လျှော့ချနိုင်ခြင်းဖြစ်ကြောင်း၊ သို့သော် မြေပဲဆီအစစ် ဈေးနှုန်းမှာ စားအုန်းဆီဈေးနှုန်းထက် တစ်ဆကျော်ပိုမြင့်နေ၍ သာမန်စားသုံးသူများလက်လှမ်းမမီကြောင်း၊ဒုတိယတန်းစားမြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ တတိယတန်းစား မြေပဲဆီတစ်ပိဿာ ငွေကျပ်၂၄၀၀ ဝန်းကျင်တို့ကို မြေပဲဆီအဖြစ် ဝယ်ယူစားသုံးမှုများ ရှိနေကြောင်း၊ ကိုလက်စထရောနည်း၍ **ကျန်းမာရေးနှင့်ညီညွတ်သော မြေပဲဆီအစစ်များကို သုံးစွဲလိုသော်လည်း ဈေးနှုန်းကြောင့် မြေပဲဆီ လုံးဝမပါဝင်သော အနံ့သွင်းမြေပဲဆီများကို ဝယ်ယူသုံးစွဲနေခြင်းသည် စားသုံးသူများအတွက် ငွေကြေးပိုမိုကုန်ကျမှုသာ ဖြစ်စေ**သည်ဟု စားသုံးသူတစ်ဦးက ဆိုသည်။

အနံ့ဆီဈေးကွက်တွင် ပဲကျက်၊ ပဲစိမ်းအနံ့များကို ပြည်ပမှဘူးလတ်တစ်ဘူးလျှင် ငွေကျပ် နှစ်သောင်းဝန်းကျင်ဖြင့် ဝယ်ယူပြီး ဈေးပိုကြီးသော ပဲစိမ်းအနံ့များကို စားအုန်းဆီ၌ ထည့်သွင်းရာတွင် တစ်ပီပါ ပိဿာ ၁၁၀ လျှင် အနံ့ဆီဖိုး ငွေကျပ် တစ်သောင်းကျော်ကုန်ကျရာ စားအုန်းဆီ တစ်ပိဿာလျှင် အနံ့ဆီဖိုး ငွေကျပ် ၁၀၀ ဝန်းကျင်အသုံးပြုခြင်းဖြင့် မြေပဲဆီအဖြစ် ရောင်းချရာမှ ငွေကျပ် ၁၀၀၀ ဝန်းကျင် အမြတ်အစွန်းရရှိကြောင်း မြေပဲဆီဒုတိယတန်းစား၊ တတိယတန်းစားများ ရောင်းချသူတစ်ဦးက ဆိုသည်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် မြေပဲဆီအစစ်ထဲသို့ စားအုန်းဆီရောမည့် အချိုးအစားဖြင့်ရော၍ မြေပဲဆီပြုလုပ်ရန် မြေပဲဆီစက်အချို့တွင် စားအုန်းဆီအကောင်းစား မေဇင်တံဆိပ်ပီပါများအများအပြားထားရှိခဲ့ကြောင်း၊ **ယခုအခါ မြေပဲဆီမပါသော အနံ့သွင်းစားအုန်းဆီများ သာမက ပြည်ပမှ တင်သွင်းလာသော၊ ကျန်းမာရေးနှင့်မညီညွတ်သော၊ မြေပဲဆီအဖြစ်ရောင်းချသော စားဆီအညံ့ များ မြေပဲဆီဈေးကွက်တွင် နေရာယူနေသဖြင့် မြေပဲဆီအစစ်ရောင်းချသူများ ဈေးကွက်နေရာ ကျဆင်းနေရ**သည်ဟု မြေပဲဆီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

ကမ်းပါးယံများ၌ ကွန်ကရစ်တိုင် စိုက်ထူစေလို

ကျောက်မဲ ဩဂုတ် ၇

ကျောက်မဲမြို့ အမှတ်(၉) ရပ်ကွက် တီလင်ရပ် ရွှေဖီဦးတောင်ကုန်းပတ်ကားလမ်းသည် ကျောက်မဲ-မိုးကုတ်သွား ကားလမ်းမကြီးပေါ်၌ ရှိပြီး တီလင်တောင်ကုန်း အဆင်း၊ အတက် ကမ်းပါးယံပတ်ကားလမ်းမှာ ကျဉ်းမြောင်းနေသဖြင့် ယာဉ်များအတက်အဆင်းသွားလာရာတွင် အခက်အခဲဖြစ်လျက်ရှိနေခြင်း၊ အဆိုပါလမ်းတွင် နေ့စဉ် ကျောင်းဆင်း ကျောင်းတက်သွားလာနေကြသည့် တီလင် အထက(၂) မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်စိုးရိမ်မကင်း ဖြစ်ခဲ့ကြရသည်။

လွန်ခဲ့သည့် သုံးနှစ်ကျော်ခန့်က အဆိုပါလမ်းတွင် ကျောင်းဆရာမတစ်ဦး မော်တော်ယာဉ်တိုက်ခံရ၍ ကွယ်လွန်ခဲ့ဖူးသည်။ ယင်းကြောင့် အဆိုပါ တောင်ကုန်းပတ်ကားလမ်းကို ချဲ့ပေးရန် ပြည်သူများက လိုလားလျက်ရှိနေခဲ့ကြသည်။ ယခုအခါ ပြည်သူ့အသံကို နားစွင့်လျက် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်လျက်ရှိသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့နှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့သည် အဆိုပါတောင်ကုန်းပတ်လမ်းအတက်အဆင်းတွင် တစ်ဖက်သုံးပေစီ လမ်းချဲ့ပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်ကို ဩဂုတ် ၅ ရက်က တွေ့ရသည်။ **(အပေါ်ပုံ)**ဆက်လက်၍ ၎င်းတောင်ကုန်းပတ်ကားလမ်းတွင် တောင်ကမ်းပါးယံ ကမ်းပါးထိပ်များ၌ ကွန်ကရစ်ငုတ်တိုင်များ စိုက်ထူပေးရန် ပြည်သူအများက လိုလားလျက်ရှိနေကြောင်း သိရသည်။ **(ဝ၉ဝ)**

အမည်ပြောင်း

ဦးရဲလွင်မြင့်၏သား ဗိုလ်တထောင် ထခွဲလ(၂) တက္ကသိုလ်ဝင်တန်း(A)မှ မောင်မြတ်ဘုန်းမော်အား မောင်မြတ်ဘုန်းမြင့် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်ဘုန်းမြင့်



ဒဂုံမြို့သစ် ဆိပ်ကမ်းနှင့် တောင်ပိုင်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၄၂၅၂၈၉၀၀၃၊
၀၉-၄၂၅၂၈၉၀၀၄၊
၀၉-၄၉၃၃၉၃၅၄

အထူးလျှော့ဈေးဖြင့် အမြန်ရောင်းမည်

ဂရန်မြေ အလျားပေ ၁၉၀၊ အနံပေ ၁၀၀၊ ကာယ ၁၀ လမ်း၊ သဃ်န်းကျွန်းကြီး၊ မင်္ဂလာဒုံမြို့နယ်အား ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်-ဦးအောင်မြင့် ဖုန်း-၀၉-၅၁၈၃၇၈၂

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၁၂၊ ခုနစ်လွှာ B၊ (၁၈×၈၀)ပေရှိ တိုက်ခန်းဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသွင်ဂင် ၄/တဇန(နိုင်)၀၁၀၀၀၉၏သား ဦးလျန်ခိုကမ်း ၅/ကလထ(နိုင်)၀၂၀၉၆၁တို့ထံမှ အပျောက်စနစ်ဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့်(ငါးသိုင်းချောင်း) LL.B (အောင်သပြေမိုးအကျိုးဆောင်)
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)
Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁
Email:hponemyint 007@gmail.com

စတားယူနတီဂရုကုမ္ပဏီလီမိတက်နှင့်ပတ်သက်သောသူများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင် ၇/ပခန(နိုင်)၂၀၃၉၂၁ ကိုင်ဆောင်သူ STAR UNITY GROUP Co., Ltd. အမှတ် ၁၃၆(သုံးလွှာ)၊ လမ်း ၄၀၊ (၉) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူမှ လွှဲအပ်ညွှန်ကြားချက်အရ STAR UNITY GROUP Co., Ltd. နှင့် ပတ်သက်သူများအား အောက်ပါအတိုင်း သိစေအပ်ပါသည်။

ကုမ္ပဏီ၏ ၂၉-၇-၂၀၁၃ ရက်စွဲပါ အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၃၏ စည်းဝေးညှိနှိုင်းချက်များနှင့် ဆုံးဖြတ်ချက်များအရ ကုမ္ပဏီ၏ငွေစာရင်းများ၊ ကုန်သွယ်မှုဆိုင်ရာကိစ္စများအား စာရင်းစစ်ဆေးခြင်းမပြီးပြတ်သေးသောအချိန်တွင် ပစ္စည်းများရောင်းဝယ်ခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စများကို ရပ်ဆိုင်းထားရန်ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

သို့ပါ၍ Co., Ltd. နှင့်ဆက်သွယ်ပတ်သက်သောပုဂ္ဂိုလ်များအနေဖြင့် Co., Ltd. မှ တရားဝင်ညွှန်ကြားဆုံးဖြတ်ချက်ထပ်မံမထွက်မချင်း ပစ္စည်းများအား အရောင်းအဝယ်ကုန်သွယ်ခြင်းဆိုင်ရာကိစ္စများကို မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိပါက ဖြစ်ပေါ်လာသမျှကိစ္စရပ်များသည် Co., Ltd. နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိဘဲ ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်းနှင့် Co., Ltd. ၏ အမည်ကို အလွဲသုံးစားပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဦးအောင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ) စဉ်-၃၂၀၃/၈၅
အမှတ် ၈၂၊ စက်မှု ၂ လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၁၈၉၅၁၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/တိုးချဲ့၊ မြေကွက်အမှတ် ၂၈၄၊ ဧရိယာ ၀ဒသမ ၀၅၅၈က နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၂၈၄၊ ဦးဝိစာရလမ်း၊ (၄၂/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စိမ်းမို့မို့ ၁၂/ရပသ(နိုင်) ၀၁၇၄၆၃ထံမှ မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၂၂၀/၂၀၁၂(၄-၁၀-၂၀၁၂)(ရန်ကုန်မြို့)အရ ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်စန်းစန်း ၁၄/ပတန(နိုင်)၀၅၄၁၂၃က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်မြသင်းနှင့်အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ နယ်မြေ(၅)၊ မြင့်မိုရ်လမ်းသွယ်၊ အမှတ် ၈၅၂ ဒေါ်နန်းမွေ ၁၃/တကန(နိုင်)၀၀၅၀၉၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်နန်းမွေ ပိုင်ဆိုင်သည့် တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ နယ်မြေ(၅)၊ မြင့်မိုရ်လမ်းသွယ်၊ အမှတ် ၈၅၂ ဟုခေါ်တွင်သည့် မြေကွက်အမှတ် ၁၁၈၊ မြေကွက်အမည် မြေဖြူရွာမရပ်၊ ဦးပိုင်အမှတ် ၃၄/၂၃၀၊ ဧရိယာ ၀ဒသမ ၀၅၉၈ကေရှိ အိမ်မြေဥပစာအတွက် မြေဂရန်သက်တမ်းတိုးရန် တောင်ကြီးမြို့၊ ပြည်တော်သာရပ်နေ ဒေါ်မြသင်း ၁၃/တကန(နိုင်) ၀၈၄၃၄၀ထံသို့ အပ်နှံခဲ့ပြီးနောက်ပိုင်းတွင် ၂၂-၅-၂၀၁၃ရက်က တောင်ကြီးမြို့နယ် မြေစာရင်းရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၁/၂၀၁၃)ဖြင့် ဒေါ်မြသင်းအား လွှဲအပ်ခဲ့သည်ဟု သိရသည်။ သို့သော် ယခုအခါတွင် ကျွန်ုပ်အမှုသည် ဒေါ်နန်းမွေက ကိုယ်စားလှယ်လွှဲအပ်သည့်ကိစ္စကို လွှဲအပ်လိုသည့်ဆန္ဒမရှိတော့သဖြင့် ကိုယ်စားလှယ်လွှဲစာကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကိုယ်စားလှယ်စာရသူ ဒေါ်မြသင်းနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ထွေး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂/၁၉၉၈)
(ည/၁၁၂၈-ဗ)၊ သရေခေတ္တရာလမ်း၊ နယ်မြေ(၁)
ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ချင်းပြည်နယ် ဟားခါးမြို့တွင် မှိုစားသုံးမှုများပြားလာသည်နှင့်အမျှ ဈေးကွက်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်နှင့် စီးပွားဖြစ်မှိုစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာရေးအတွက် ပြည်နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ စီးပွားဖြစ် မှိုစိုက်ပျိုးနည်းသင်တန်းကို ဇူလိုင်လအတွင်း ဖွင့်လှစ်ခဲ့ပြီးနောက် ဩဂုတ် ၅ ရက်က ဟားခါးမြို့တွင် ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုများကို တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးစဉ်။

(ပြည်နယ် ပြန်/ဆက်)

နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ ဟောပြော

မိုးကောင်း ဩဂုတ် ၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၏စီစဉ်ပံ့ပိုးမှုဖြင့် ကုန်းတန်းကြီးကျေးရွာ၌ နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၂၅ရက် နံနက်၁၀နာရီတွင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖိုးကွန်းနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပြန်/ဆက် ဦးစီးမှူးက ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ပြည်သူများသိရှိစေရန် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ နံ့ရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၏ အကြောင်းအရာများကို မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် အငယ်တန်းစာရေးတို့က ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် ၂၀၁၃ ခုနှစ် မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲကို ဩဂုတ် ၂၇ရက်မှ စက်တင်ဘာ ၅ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မိုးလုံလေလုံအားကစားရုံ၌ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဩဂုတ် ၂၅ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၇၅၅၇၃ သို့ စာရင်းပေးသွင်းနိုင်သည်။

အဆိုပါပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူများသည် ၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ညောင်တုန်း အဘိဓမ္မာပြန့်ပွားရေးအသင်း ကလေးတရားပွဲနှင့် ပရဟိတ ကုသိုလ်လှူဒါန်း

ညောင်တုန်း ဩဂုတ် ၇

ညောင်တုန်းမြို့အဘိဓမ္မာအသင်းမှ ကြီးမှူး ကျင်းပသော (၈)ကြိမ်မြောက် အလှူငွေလှူဒါန်းပွဲနှင့် ကလေးတရားဓမ္မသဘင်ပွဲကို ဇူလိုင် ၂၈ရက်က ဘုရားကြီးဝင်းတွင်ကျင်းပရာ လှိုင်သာယာမြို့ အောင်ဇေယျမင်းဆရာတော် ဦးဩဘာသ(သာသနာ့တက္ကသိုလ ဓမ္မာစရိယတန်း B.A) က ငယ်စဉ်အခါကတည်းက လိမ္မာယဉ်ကျေးပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် ကျောင်းသား ကျောင်းသူများအား ဟောပြောဆုံးမစကားပြောကြားပြီး ကလေးတရားပွဲကို ကျင်းပသည်။

ထို့နောက် လှိုင်သာယာ အောင်ဇေယျာမင်းကျောင်းတိုက်သို့ ဆွမ်း၊ ဆန်၊ ဆီ၊ ဆားနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအဘိဓမ္မာပြန့်ပွားရေးအသင်းကို ၂၀၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဦးဇဋိလ၊ ဦးဇဝနနှင့် ဦးမြင့်စိုးတို့က အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းဒေသနာတော်စသည်များကို တနင်္ဂနွေနေ့တိုင်း ပို့ချပေးလျက်ရှိပြီး နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ လူငယ်တရားပွဲများ၊ ပရဟိတလူမှုကူညီရေးအဖွဲ့ကိုဖွဲ့စည်းပြီး ဦးဆောင်ကာ နာရေးကူညီမှုအသင်းများ၊ အခမဲ့ဆေးခန်းများ၊ ဘိုးဘွားရိပ်သာ၊ ပြည်သူ့ဆေးရုံ၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ သီလရှင်စာသင်တိုက် တရားဓမ္မရိပ်သာများသို့ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်နှင့်အခြားလှူဖွယ်ပစ္စည်းများအားလှူဒါန်းပြီး အလှူငွေစုစုပေါင်း ကျပ်သိန်း၁၁၃၉၂၅၀၀အား စုပေါင်းစုဆောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုထွန်းကျော်(ညောင်တုန်း)**

မြိုင်မြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေး ဟောပြော

မြိုင် ဩဂုတ် ၇

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ မြိုင်မြို့ သင်တန်းခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်မှူးဒုတိယရဲမှူးနေထွန်းက လူကုန်ကူးမှုတားဆီးရေး အသိပညာပေးခြင်း၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်သန်းသန်းဌေးက သွေးလွန်တုပ်ကွေးရောဂါ၊ HIV/AIDS နှင့်ဆိုင်ရာ ကာကွယ်ရေးအသိပညာပေးခြင်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အေးအေးနွဲ့က ယဉ်ကျေးမှုနှင့်ပြည်ထောင်စုစိတ်ဓာတ်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဉက္ကဋ္ဌ ဒေါ်စုထွေးမာက အိုင်အိုဒင်းဆားအသုံးပြုပုံနှင့် ကျန်းမာရေးအသိပညာပေးခြင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်အုန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးခြင်းတို့ကို ဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ သင်တန်းကျောင်းအုပ်နှင့်သင်တန်းနည်းပြများ၊ သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၇၀ တက်ရောက်ကြသည်။

(အမျိုးသမီးအိမ်တွင်းမှု)

ဗောဓိထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

Oct (20), Nov (3,17), Dec (15, 29), Jan (12, 26), Feb (9, 23), Mar (9), April (12, 13)

အသိပေးကြေညာခြင်း

ဖျာပုံမြို့၊ (၁)ရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၂၆၈ နေ ကျွန်ုပ်အမှုသည်များဖြစ်ကြသော ဦးသန်းလွင် ၁၄/ဖပန(နိုင်)၀၄၆၃၄၈၊ ဒေါ်ရွှေရွှေမာ ၁၄/ဖပန(နိုင်)၀၄၆၃၄၉၊ ဒေါ်နှင်းဦးလွင် ၁၄/ဖပန(နိုင်)၁၅၃၁၄၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဦးသန်းလွင်၊ ဒေါ်ရွှေရွှေမာ၊ ဒေါ်နှင်းဦးလွင်တို့မှ ဒေါ်ဆန်းဦး ၁၄/ဖပန(နိုင်)၀၆၄၇၇၃ သို့ လွှဲအပ်ထားသော ဖျာပုံမြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးရှိ မှတ်ပုံတင်အမှတ် (၄၇/၁၂) ရက်စွဲ ၂၁-၉-၂၀၁၂ ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့(ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ)စ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်တင့် LL.B	ဒေါ်နီနီအောင် LL.B	ဦးမျိုးဇော်လွင် LL.B
(စဉ်-၆၀၀၅)	(စဉ်-၉၀၄၈)	(စဉ်-၃၆၅၄၈)

တရားလွှတ်တော်ရှေ့နေများ — **အထက်တန်းရှေ့နေ**

ဖုန်း-၀၉-၈၅၉၀၉၂၂ ဖုန်း-၀၉-၄၅၁၂၃၈၀၂၀ ဖုန်း-၀၉-၃၁၃၇၁၅၆၈

အမှတ် ၁၆၊ မင်းရဲကျော်စွာလမ်း၊ (၁၉)ရပ်ကွက်၊ ဖျာပုံမြို့

Ph: 01-512443, 09-73017656

Ks 40000/
Ks 34000/
Ks 32000/

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၆၉၄၀ Hnin Kyar Phyu LT, P/U (4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ညွှန့် ၉/မထလ(နိုင်)၀၄၃၃၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန် ကြေညာခြင်း

PIONEER LAW FIRM

LL.B, B.Sc (Engg)(EC) | LL.B, DBL | LL.B

မြေရှင် ဒေါ်အုံးမြိုင် AG- ၃၂၆၀၆၂ နှင့် ဦးဖြိုးသုဝဏ် LL.B (အထက်တန်းရှေ့နေ)၏ ၂၁-၇-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ကြေညာချက်အပေါ် ဦးစစ်ကျော်မြင့်(မန်နေဂျင်းဒါရိုက်တာ) ရိုးမမြေဆောက်လုပ်ရေးမှ ထပ်မံရှင်းလင်းကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဦးစစ်ကျော်မြင့်(မန်နေဂျင်းဒါရိုက်တာ) ၁၁/မဥန(နိုင်)၀၄၀၈၁၆ ရိုးမမြေဆောက်လုပ်ရေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်မံရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ ၁၂-၇-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာပါ ပြန်လည်ရှင်းလင်း အသိပေးကြေညာချက်တွင် စာချုပ်ပါအချက်များနှင့် လူကြီးမင်းသဘောလိုအင်ဆန္ဒအတိုင်း ကျွန်ုပ်၏အမှုသည်မှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို ဖတ်ရှုသဘောပေါက်ပြီးဖြစ်မည် ထင်ပါသည်။

လူကြီးမင်းဖော်ပြထားသော စာချုပ်အပိုဒ်(၅)တွင် အဆောက်အအုံဟောင်းဖျက်သိမ်းမည့် ပါမစ်ကျသောရက်တွင်ပေးရန် သဘောတူပါသည်ဟူသော စာပိုဒ်ကိုလည်း သဘောပေါက်မည်ထင်ပါသည်။

လူကြီးမင်းဖော်ပြသော အဆောက်အအုံဟောင်း ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည်မှ လုပ်ငန်းစတင်တော့မည်ဟုသာ ပြောခဲ့ခြင်းဖြစ်ပါသည်။ အိမ်ဖျက်သိမ်းခြင်းကိစ္စအား ပြောခဲ့ခြင်းမရှိပါ။ ထိုကိစ္စမှာ လူကြီးမင်းနှင့်အိမ်ငှားများကိစ္စသာဖြစ်ပါသည်။ စာချုပ်အပိုဒ်(၇)တွင်လည်း အတိအကျဖော်ပြထားပါသည်။

မြို့တော်စည်ပင်သာယာရေးအဆောက်အအုံဌာနမှ ဆောက်လုပ်ခွင့်ပါမစ်ချပေးပြီးမှ လုပ်ငန်းစတင်ဆောင်ရွက်ရသည်ကို လူကြီးမင်းသိမည်ထင်ပါသည်။ ကျွန်ုပ်၏အမှုသည်သည် လူကြီးမင်းအလိုရှိသော ၁၂ထပ်ကိစ္စကိုလည်းကောင်း၊ စာချုပ်ပါ ရှစ်ထပ်ကိစ္စကိုလည်းကောင်း၊ မြို့တော်စည်ပင်သာယာရေးတွင် တင်ပြလျှောက်ထားခဲ့ပြီးဖြစ်ကြောင်း၊ ခွင့်မပြုကြောင်း၊ ဆောင်ရွက်ချက်များကို အိမ်ရှင်ဒေါ်အုံးမြိုင်သို့ အသိပေးပြောကြားပြီး (CD.Copy)တစ်ချပ်ကိုလည်း ပေးထားပြီးဖြစ်ကြောင်း ကြေညာချက်တွင် အတိအလင်းဖော်ပြပြီးဖြစ်ပါသည်။

လူကြီးမင်းသည် သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေးဥပဒေအရ ခွင့်မပြုနိုင်သည့်အတွက် ပဋိညာဉ်အတိုင်း ရှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရန် မဖြစ်နိုင်သည့်ကိစ္စကို အတင်းအဓမ္မ ပဋိညာဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခိုင်းနေခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏အမှုသည် ဦးစစ်ကျော်မြင့်(မန်နေဂျင်းဒါရိုက်တာ) ရိုးမမြေဆောက်လုပ်ရေးသည် စာချုပ်ပါစည်းကမ်းများကို မည်သည့်အခါမျှ ဖောက်ဖျက်မှုမရှိကြောင်း၊ ထပ်လောင်းအသိပေးပါသည်။

စာချုပ်ပါပဋိညာဉ်အတိုင်း ရှစ်ထပ်တိုက်ဆောက်လုပ်ပါက ဥပဒေနှင့်ဆန့်ကျင်သောအခြေအနေသို့ ဆိုက်ရောက်သွားနိုင်ကြောင်း လူကြီးမင်းနှင့် ဥပဒေအတိုင်ပင်ခံများက သတိထားဖို့လိုပါသည်။ ထိုကိစ္စကို ဆက်လက်အကောင်အထည်မဖော်ဟုအကြောင်းပြပြီး စာချုပ်အား တစ်ဖက်သတ်ဖျက်သိမ်းမည်ဆိုပါက ကျွန်ုပ်၏အမှုသည်ထံမှ ရယူထားသောငွေကျပ်သိန်း ၁၂၀နှင့်တကွ ကျွန်ုပ်၏အမှုသည် စိုက်ထုတ်ကုန်ကျထားသောငွေများကိုပါ ပေးလျော်ရှင်းလင်းပေးရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်အေးရွှေ LL.B (၆၉၇၁/၂၀၀၁) — **ဦးထွန်းတင် LL.B (၈၇၈၂/၂၀၁၃)**

တရားလွှတ်တော်ရှေ့နေများ

အမှတ် (၈၃/၁၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်း၊ တိုက်အမှတ် ၇၃/၇၅ ဟုခေါ်တွင်သည့် သုံးခန်းတွဲရှစ်ထပ်တိုက်ရှိသည့်အနက်မှ ဒုတိယထပ် (သုံးလွှာ/ဘီ) အကျယ်အဝန်း ၁၄ ပေ ×ပေ ၅၀ရှိ တိုက်ခန်းအား ဆက်စပ်စာချုပ်များအရ ပိုင်ဆိုင်သည်ဟု ကတိပြုသူ ဦးအောင်ကျော်မြင့် ၁၂/ဒဂတ(နိုင်)၀၂၁၅၀၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ၂-၈-၂၀၁၃ရက်တွင် စရန်ငွေတချို့အား ပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်ဦး
LL.B, D.B.L, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၂၇၅၉၈)
အမှတ် ၅၀(မြေညီထပ်)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

[illegible] သမ္မတ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် သွားကြပါစို့ ...

အိန္ဒိယနှင့် နီပေါနိုင်ငံ သံဝေဇနီယလေးဌာန၊ အဋ္ဌမဟာဌာနလေးဌာန ဘုရားဖူးခရီးစဉ်များကို အတွေ့အကြုံရှိ ဝါရင့်ဝန်ထမ်းများဖြင့် ဖွဲ့စည်းကာ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဘုရားဖူးခရီးစဉ်များကို အကောင်းဆုံးဝန်ဆောင်မှုဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ဘုရားဖူးတစ်ဦးချင်း၏ ရသင့်ရထိုက်သည့် အခွင့်အရေးများကို အပြည့်အဝ ရရှိစေမှာဖြစ်ပြီး (၁၆) ဦး စုစည်းလျှက် တစ်ဖြိုင်တည်း လာရောက်စာရင်းသွင်းပါက တစ်ဦးအခမဲ့ လိုက်ပါစေမှာ ဖြစ်ပါသည်။ အသေးစိတ်ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

❖ သမ္မတ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ❖ အမှတ် ၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ : ၀၁-၅၆၀၃၁၅၊ ၀၁-၅၆၀၃၁၅၂၊ ၀၉-၇၃၀၀၆၂၆၀ : ၀၉-၄၉၂၃၃၄၄၄၊ ၀၉-၅၁၅၄၁၆၄

AcademicTelesis

USA အဆင့်မြင့်ကောလိပ်နှင့် တက္ကသိုလ်များတွင် ကုန်ကျစရိတ် သက်သာစွာဖြင့် ပညာသင်ကြားလိုပါသလား ???

USA ၏အကောင်းဆုံး College and University များတွင် IELTS TOEFL,SAT မလိုအပ်ဘဲ နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်း ကောင်းသောဘာသာရပ်များကို မိမိစိတ်တိုင်းကျရွေးချယ်တက်ရောက်နိုင်ပါသည်။

January 2014
ဝင်ခွင့်စတင်လက်ခံနေပါသည်

ပညာသင်ဆုအခွင့်အလမ်းများလည်း ရှိသောကြောင့် မည်သူမဆိုအခမဲ့ လာရောက်ဆွေးနွေးနိုင်ပါသည်။

Call Us: 01- 527168, 09 - 31559624

No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp:, Yangon.

www.academictelesis.com

ဖခင်အမည်မှန် မြစ်ကြီးနားမြို့၊ အထက(၃) ပဥ္စမတန်း(C)မှ မအိမ့်ဖူးပွင့်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ဖြစ်ပါသည်။

ဖခင်အမည်မှန်

ချီဖွေမြို့နယ်၊ ပန်ဝါမြို့နယ်ခွဲ(အထက) တက္ကသိုလ်ဝင်တန်းမှ မလမယ်စီး(ခ) မချန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးခေါ်ချန်း ၁/ခဖန(နိုင်)၀၀၀၅၇၇ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးခေါ်ချန်း၏သမီး ချီဖွေမြို့နယ်၊ ပန်ဝါမြို့နယ်ခွဲ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မလမယ်စီး၏ အမည်မှန်မှာ မချန်းဝင်း ဖြစ်ပါသည်။

RIVER VIEW HOTEL

မိုးရာသီအထူးအစီအစဉ်

20% Discount

10.8.2013 မှ 10.9.2013ထိ

ပြည်တွင်းပြည်ပဧည့်သည်များ ဈေးနှုန်းချိုသာစွာဖြင့် တည်းခိုနိုင်ပါပြီ

No.374, Strand Road, Botahtaung Tsp,
Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်းကျေးရွာအုပ်စု၊ မဟူရာကွင်း၊ ကရင်မကျေးရွာရှိ ကွင်းအမှတ် ၁၊ G-Land မြေအမျိုးအစား၊ ဦးပိုင်အမှတ် N-၇၂၊ ဦးမျိုးလှ အမည်ဖြင့် လက်ရှိပိုင်ဆိုင်လျက်ရှိသော ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက် အကျယ် ၂၇ ဧကအနက်မှ အကျယ် ၂၀ဧကရှိ ဥယျာဉ်ခြံမြေ အမျိုးအစားမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်များအပါအဝင်တို့ကို လက်ရှိတရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာ၊ အမှတ်(၂)ရပ်ကွက်နေ ဦးမျိုးလှ ၁၂/လကန(နိုင်)၀၈၂၆၄၃ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မြသန္တာစိုး ၁၂/တမန(နိုင်)၁၀၁၇၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှမျိုး
LL.B, D.I.L, WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(၇၀၈၁)
အမှတ် ၆၁ (မြေညီထပ်)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၇၃၄၉၄၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
မြောင်းမြမြို့နယ်တရားရုံး၌
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇

ဗိုလ်မှူးထွန်းရှင်(ငြိမ်း)	နှင့်	၁။ ဦးစိုးဝင်း
(၏ အခွင့်ရကိုယ်စားလှယ်		၂။ ဦးမြင့်လွင်
ဦးမျိုးအောင်)		၃။ ဦးဇော်ထွန်းဝင်း
တရားလို		**တရားပြိုင်များ**

မြောင်းမြမြို့နယ်၊ ကွယ်လွယ်ကျေးရွာအုပ်စုနေ ဦးမြင့်လွင်နှင့်ဦးဇော်ထွန်းဝင်း (ယခုနေရပ်လိပ်စာ မသိသူတို့) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ဦးမြင့်လွင်အပေါ် ခါတ်မြေဩဇာဖိုး တိုးရင်းကျန်ငွေ ၈၀၅၇၂၄ ကျပ်နှင့် ဦးဇော်ထွန်းဝင်းအပေါ် ခါတ်မြေဩဇာ တိုးရင်းကျန်ငွေ ၈၃၃၅၀၈ ကျပ်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စား အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၆ရက်(၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်နွဲ့ရီ)
မြို့နယ်တရားသူကြီး
မြောင်းမြမြို့နယ်တရားရုံး

၁-၈-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၂-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ပါရှိသော ဦးစမ်းအေးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သာတို့၏ အများသိစေရန်ကြေညာချက်သည် မှန်ကန်ခြင်းမရှိကြောင်း ပြန်လည်သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ သော်ကလမ်း၊ အမှတ်(၁၅၁၅)နေ ဦးမြင့်လွင်သန်း ၁၂/ရကန(နိုင်)၀၁၂၇၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်သတိပေး ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ လက်ပံကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်(နောင်ဝယ်)၊ ဦးပိုင်အမှတ် (N-၁၁၉)၊ မြေဧရိယာ ၃ဒသမ၀၀ဧကရှိမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်လွင်သန်း၏ အမည်ပေါက်ပြီး ယနေ့ထက်တိုင် လက်ဝယ်ထားရှိပိုင်ဆိုင်သောမြေဖြစ်ပါသည်။ ဒေါ်ခင်မေသန်းဆိုသူကိုလည်း ကျွန်ုပ်၏မိတ်ဆွေမှ မြင်တွေ့ဖူးခြင်းမရှိပါ။ သိရှိခြင်းလည်းမရှိပါ။ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့်မိမိပိုင်ဆိုင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်များကို ဒေါ်ခင်မေသန်းဆိုသူအားလည်းကောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှသော်လည်းကောင်း ရောင်းချခဲ့ခြင်းမရှိပါ။ မည်သည့်ကိုယ်စားလှယ်လွှဲစာကိုမှလည်း ပေးအပ်ထားခြင်းလုံးဝမရှိပါ။ ပိုင်ဆိုင်ခြင်းမရှိသူ ဒေါ်ခင်မေသန်းဆိုသူထံမှ ဦးစမ်းအေးက ဝယ်ယူခဲ့သည်ဆိုခြင်းမှာလည်း ဥပဒေအရတရားမဝင်ပါ။

ယခုကဲ့သို့မမှန်မကန်ကြေညာမှုကြောင့် ကျွန်ုပ်မိတ်ဆွေ၏ဂုဏ်သိက္ခာကို များစွာထိခိုက်နစ်နာစေသည်သာမက ပိုင်ရေးပိုင်ခွင့်ကိုပါ နစ်နာဆုံးရှုံးစေရန် ထိပါးကြေညာမှုကြောင့် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်ပေါ်စေသဖြင့် ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပြီး ဝန်ချတောင်းပန်ရန်နှင့် ယင်းကဲ့သို့ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးမြင့်လွင်သန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမင်းအောင် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(၂၉၄၄/၈၄)
အမှတ်(၅၈/၆၀)ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၅၀၄၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁)၊ မြေကွက်ကြီး အမှတ် ၁ (စိုက်ပျိုးရေး)ဟုခေါ်တွင်သော အကျယ်အဝန်း ၂ ဒသမ ၀၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလတရားဝင်ပိုင်ဆိုင်သူ ဦးအောင်သန်းမြင့် ၉/မရမ(နိုင်)၀၁၈၂၉၆ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်ယု
၁၂/သဃက(နိုင်)၀၁၅၁၈၃
အမှတ် ၄၉၊ ၁၆၄ လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၅၄၉၀၀၄၊ ၀၉-၅၀၁၉၄၃၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ် ၂၂၅ နေ ဦးမြတ်မိုးအောင် ၁၂/ကမရ(နိုင်)၀၆၃၅၄၀ AKI Construction ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံ/မြေစီမံဌာနတွင် ဒေါ်ချိုလေး ၁၂/သကတ(နိုင်)၀၄၀၆၂၈ နှင့် ဒေါ်ခင်အေး ၁၂/သကတ(နိုင်)၀၄၀၂၇၂တို့၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး လက်ဝယ်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် Block(၃)၊ မြေကွက်အမှတ် Lot (၆၅၅က+၆၅၅ခ)၊ လူနေရပ်ကွက်အမှတ်(၃)၊ (၃)ရပ်ကွက်၊ ရန်ပြေ ၁၃ လမ်း၊ အမှတ်(၆၅၅က+၆၅၅ခ)၊ နှစ် ၆၀ မြေငှားဂရန်ရှိ အကျယ်အဝန်းပေ(၄၀×၆၀) မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေနှင့် သုံးခန်းတွဲ(သုံးထပ်ခွဲ)ထပ် RC ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ရန် ၉-၆-၂၀၁၃ ရက်က သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်နေရာတွင် ကန်ထရိုက်တိုက်သစ်ဆောက်လုပ်နိုင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ)နှင့် မြို့ပြစီမံ/မြေစီမံဌာနတို့တွင် အဆောက်အအုံဆောက်လုပ်ခွင့်ပုံစံ ခွင့်ပြုမိန့်လျှောက်ထားရန်နှင့် လိုအပ်သည့်ရုံးကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်သစ်ဆောက်လုပ်ရန်နှင့် လိုအပ်သည့်ကိစ္စများကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)
အမှတ် ၄၉ (ပထမထပ်)၊ ၈၉လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၂၂၇၃၃၊ ၀၉-၅၄၁၃၇၉၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန် ၈ လမ်း၊ တိုက် ၇၊ အခန်း ၀၀၁၊ မြေညီထပ်တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးသန်းနိုင်ထွန်း ၁၂/ကမတ(နိုင်) ၀၅၉၉၈၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/အေ)၊ ဖိုးဝဇီရာလမ်း၊ မြေကွက်အမှတ်(၁၀၃)၊ အိမ်အမှတ်(၇၀/က)၊ ခေါင်းရင်းဘက်အခြမ်း၊ အကျယ်အဝန်းပေ(၂၀×၆၀)အကျယ်ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးကြည် AA-၀၅၁၅၇ အမည်ဖြင့် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိမိမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဝင်း ၁၂/ဗဟန(နိုင်)၀၀၃၂၇၆ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နီအေး(LL.B)၊ အထက်တန်းရှေ့နေ
အမှတ်(၃/၂၀၆)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၁၈၈၀၇၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ- [illegible]

ဒေါ်ဆုမြတ်စံ (စဉ်-[illegible])
LL.B, D.B.L, D.M.L.
အထက်တန်းရှေ့နေ

ဒေါ်ခင်ညွန့်ရီ[illegible]
[B.Sc, B.A(B.L), B.D.S (MOFA), Dip in Eng (YCDC), C.B.L]
[illegible]

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အမြတ်ဆုံး သိမ်ဒကာ၊ ဘုရားဒကာ၊ ကျောင်းဒကာ ခံယူပါ

[illegible]
ဖုန်း-၀၉ ၄၂၁၁ ၄၃၃၃၈ [illegible]

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ [illegible]

[illegible]

Sales Coordinator (Toprank Co.,Ltd, Tokyo, Japan)

နှင့်

ရန်ကုန်မြို့ [illegible]

[illegible]

System Engineer (Zenon System Co.,Ltd, Tokyo, Japan)

[illegible] PARKROYAL HOTEL [illegible] Sedona Hotel [illegible] Royal Empire Trading Co.,Ltd, Director [illegible] Managing Director [illegible] The Aces Music Band [illegible] Vintage Flower [illegible] Director Photo [illegible] Sedona Hotel [illegible]

[illegible]

ဈေးခေါ် မင်္ဂလာဆောင်တေဘင်း

[illegible] [Grade III အ.ထ.က(၁)ခရုံ] [illegible]

[illegible]

ဝန်ထမ်းများ - ချမ်းသာအောင်မြင် Travels & Tours Co.,Ltd

[illegible]

အများသိစေရန် ကြေငြာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်[illegible] LL.B, D.B.L, WIPO-101(Switzerland) — ဒေါ်[illegible] (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ — ဒေါ်[illegible] (LL.B.)
အထက်တန်းရှေ့နေများ

PIONEER LAW FIRM

[illegible]

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒေပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)

အမရပူရမြို့နယ် တရားရုံး

၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ် ၄

မန်နေဂျာ — နှင့် — ဒေါ်ခိုင်ခိုင်
မြန်မာ့စီးပွားရေးဘဏ်(၁)၊ မန္တလေးမြို့။
တရားနိုင် — **တရားရှုံး**

ယခင် မန္တလေးတိုင်းတရားရုံးတော်က ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၂၈၃တွင် ရရှိသောဒီကရီကို အတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၉ ရက် (၁၃၇၅ ခုနှစ် တော်သလင်း လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုလုပ်ပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရုံး၏ပစ္စည်းကိုရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့်ကြွေးမြီကဝိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ခွဲဝေစေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့ကို တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တွင်ရပ်၍ ကတိအလင်းမရရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ ဖော်ပြထားသည်။

ပစ္စည်းစာရင်း

အမရပူရမြို့၊ ပန်းချီကျေးရွာရှိ ကွင်းအမှတ် ၆၁၄၊ အမှတ် ၁၅/၆၄၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၉ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၇×၄၃)ပေရှိ နှစ်ထပ်ပတ်ကားတိုက် အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ် ၅၇၅ သိန်း။

ရောင်းချရန်စည်းကမ်းအချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရာ အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သူအဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်ခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရှိသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိ ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှအချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်း ဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

